# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ - ၂၂၁)


၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၈၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

### မိမိတို့ဒေသကိုချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကို လိုလားသည့်စိတ်များဖြင့် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလို

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် ယနေ့ နံနက်ပိုင်းတွင် မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ရှိ မင်းဘူးဦးဩဘာသခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ ဖတ်စရာ**


မြခွာညိုသင်းပါတဲ့ လပြာသို မြင်းခင်းသဘင် — ဆောင်းပါး — စာ - ၈

ဒေသတွင်းစာရင်းအင်းဖွံ့ဖြိုးမှုအတွက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် — ဆောင်းပါး — စာ - ၁၂

လှိုင်လင်၊ ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး — ပြည်တွင်းသတင်း — စာ - ၂၁

မြန်မာ့အလင်း

# အွန်လိုင်းလိမ်လည်လောင်းကစား ဝိုင်းဝန်းဆန့်ကျင်ပါဝင်ချေမှုန်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ပန်စင်ကျေးရွာ အနီးတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများကို ယာယီအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများ၊ ယာဉ်များ၊ လက်နက်များ၊ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ကိုင်သူအချို့တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဒီဇင်ဘာ ၁၇ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါဖြစ်စဉ်သည် SSPP/SSA လှုပ်ရှားနေသည့် နယ်မြေအတွင်း၌ဖြစ်ပြီး အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းကို SSPP/SSA က အကာအကွယ်ပေးထားသည်ကိုလည်း တွေ့ရှိရသည်။

ပြီးခဲ့သည့် နိုဝင်ဘာလ ၃၀ ရက်နေ့နှင့် ဒီဇင်ဘာလ ၁ ရက်နေ့ကလည်း ကျောက်မဲမြို့နယ်၊ တောင်ထိပ်ကျေးရွာ၊ ဒုဋ္ဌဝတီမြစ်အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းလုပ်ကိုင်နေကြသူများကို အဆောက်အအုံများ၊ လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ရာ ယခုအကြိမ်သည် SSPP/SSA နယ်မြေအတွင်း ဒုတိယအကြိမ်အဖြစ် ဖမ်းဆီးရမိခြင်းဖြစ်သည်။ ယခုအကြိမ်တွင် သီပေါမြို့နယ်၊ ပန်စင်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ အခြေပြုလုပ်ကိုင်နေခြင်းနှင့်စပ်လျဉ်း၍ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် တာဝန်သိပြည်သူများက သတင်းပေးပို့ခဲ့ခြင်းဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာအနီးတစ်ဝိုက်သို့ သွားရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးရမိသူများတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး တစ်ဦးတို့နှင့်အတူ SSPP/SSA တပ်ဖွဲ့ဝင် သုံးဦးတို့ကို လက်နက်များနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါနေရာတွင် အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ကိုင်နေသူ ၂၀၀ ခန့်ရှိပြီး ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွားချိန်တွင် ထွက်ပြေးသွားကြခြင်းဖြစ်သည်ဟုလည်း သိရသည်။

သို့ဖြစ်ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများသည် နယ်စပ်မျဉ်းများအနီး လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်ထားသည့်နယ်မြေများတွင် အခြေခံအဆောက်အအုံ တိုက်တာကြီးများ ကျကျနနအခိုင်အမာ တည်ဆောက်လုပ်ကိုင်မှုများ ရှိသကဲ့သို့ နယ်စပ်မျဉ်းနှင့် အလှမ်းကွာသည့်အတွင်းပိုင်းရှိ လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ စိုးမိုးသည့်နယ်မြေများတွင် ယာယီအဆောက်အအုံများ၊ အထောက်အကူပစ္စည်းများ၊ လုံခြုံရေးအစောင့်အရှောက်များနှင့် နယ်မြေအခြေအနေပေါ်မူတည်၍ လုပ်ကိုင်မှုများ ရှိနေသည်ကို တွေ့ရသည်။ တစ်ချိန်တည်းမှာပင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ ပြည်သူများထံမှ ငွေကြေးများကို နည်းအမျိုးမျိုးဖြင့် လိမ်လည်ရယူနေခြင်းကြောင့် တစ်ကမ္ဘာလုံးက မလိုလားကြသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများမှာ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ငွေပင်ငွေရင်း၊ ဝင်ငွေရလမ်းတစ်ခုဖြစ်နေပြီး အပြန်အလှန် အပေးအယူသဘောတူညီမှုများ ပြုလုပ်၍ လက်နက်ကိုင် ကာကွယ်ပေးနေကြသည်ကိုလည်း တွေ့ရသည်။

မိမိတို့နိုင်ငံ၏ ပိုင်နက်နယ်မြေများအတွင်း ဝင်ရောက်လုပ်ကိုင်နေကြသည့် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများကြောင့် နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေသလို နိုင်ငံ၏လုံခြုံရေးအတွက်လည်း အန္တရာယ်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတော်သည် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားလုပ်ငန်းများ အမြစ်ပြတ်သုတ်သင်ချေမှုန်းရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ မည်သည့်ဒေသတွင်ဖြစ်စေ ရှိသည့်နေရာတွင် ပြင်းပြင်းထန်ထန်ချေမှုန်းသွားမည်ဟု အသိပေးထားသည့်အတိုင်းလည်း ဆောင်ရွက်လျက်ရှိသည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများကို သုတ်သင်ရှင်းလင်းချေမှုန်းရာတွင် ထွက်ပြေးလွတ်မြောက်သွားသူများမှာ ပြည်ပသို့ထွက်ပြေးသွားသကဲ့သို့ မြန်မာနိုင်ငံထဲသို့လည်း ဝင်လာနိုင်သည်။ နိုင်ငံတော်က မူဝါဒချမှတ်၍ ပြတ်ပြတ်သားသား နှိမ်နင်းလျက်ရှိစေကာမူ အဆိုပါလုပ်ငန်းများမှာ အလွယ်တကူ ရွှေ့ပြောင်းလုပ်ကိုင်နိုင်သည့် သဘောသဘာဝရှိနေသည့်အလျောက် ပြည်သူလူထုကပါ ဝိုင်းဝန်းဆန့်ကျင် ပါဝင်ချေမှုန်းကြရန်လိုသည်။ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကို တွေ့ရှိကြားသိပါက သက်ဆိုင်ရာသို့ သတင်းပေးပို့ခြင်း၊ ၎င်းတို့အား ပုန်းကွယ်ရန်နေရာမပေးဘဲ မသင်္ကာဖွယ်တွေ့ရှိပါက တရားဥပဒေအရ အရေးယူနိုင်ရန် သက်ဆိုင်ရာနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်သည်။

အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများသည် မိမိတို့တစ်နိုင်ငံတည်းနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ နိုင်ငံတကာနှင့် သက်ဆိုင်ပြီး ယင်းလုပ်ငန်းများကို ဆန့်ကျင်တိုက်ဖျက်ရာတွင်လည်း နိုင်ငံတကာပါဝင်မှုဖြင့် ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်သည်။ အောင်မြင်မှုမှ ဖြစ်ပေါ်လာမည့်အကျိုးရလဒ်သည်လည်း မိမိတို့နိုင်ငံသူ နိုင်ငံသားများသာမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် နိုင်ငံတကာအသိုက်အဝန်းအထိ တိုးတက်ဖြစ်ထွန်းနိုင်ပါမည့်အကြောင်း။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်ရေး။


လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


**၂၀ - ၁၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ဈေးနှုန်းမှာ ၅၉၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁ - ၁၂ - ၂၀၂၅  ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၂၀ | ၂၆၃၀ | ၂၆၀၀ | ၂၅၃၅ | ၂၆၄၀ | ၂၆၅၅ | ၂၆၇၀ | ၂၅၉၀ | ၄၅၀၅ | ၂၈၈၀ | ၂၆၀၅ | ၂၇၃၀ | ၂၆၈၀ | ၂၆၄၀ | ၂၆၆၅ | ၂၉၂၀ |
| 95 Ron | ၂၅၇၀ | ၂၆၈၅ | ၂၆၅၀ | ၂၅၈၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၂၀ | ၂၆၄၀ | ၄၅၆၀ | ၂၉၃၅ | ၂၆၅၅ | ၂၇၈၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၀၅ | ၂၉၇၀ |
| HSD (500 ppm) | ၂၂၃၀ | ၂၃၄၅ | ၂၃၀၀ | ၂၂၄၅ | ၂၃၅၀ | ၂၃၆၅ | ၂၃၈၅ | ၂၃၀၀ | - | ၂၅၉၅ | ၂၃၂၀ | ၂၈၅၀ | ၂၃၉၀ | ၂၃၅၅ | ၂၃၇၅ | ၂၆၃၅ |
| HSD (50 ppm) | ၂၆၉၀ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | ၄၈၃၀ | ၃၀၅၀ | ၂၇၇၅ | ၂၈၇၀ | ၂၈၄၅ | ၂၈၀၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (10 ppm) | ၂၆၉၀ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၈၇၀ | ၂၈၄၅ | ၂၈၀၀ | ၂၈၃၅ | ၃၀၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၆၁ | ၂၄၄၂ |
| 95 Ron | ၂၄၁၁ | ၂၄၉၂ |
| HSD (500 ppm) | ၂၀၈၄ | ၂၁၅၅ |
| HSD (50 ppm) | ၂၅၂၅ | ၂၆၀၅ |
| HSD (10 ppm) | ၂၅၂၅ | ၂၆၀၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ


မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီရွှေ၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

❍ **မင်းဘူးဒေသတွင် ပဲနှင့်ဝါကို အဓိကထားစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ဆန်ဖူလုံမှုရှိသည့် ဒေသလည်းဖြစ်၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်**

❖ **ယခုဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဝါများစိုက်ပျိုးရာတွင် တစ်ကေပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးဆောင်ရွက်သွားရန်လို၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုကေ ၅ သိန်းခန့်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်ချောထုတ်လုပ်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်**

❑ *ရွှေဖုံးမှ*

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား အသီးသီးတင်ပြ

ဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူးက မင်းဘူးခရိုင်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အဓိက သီးနှံများအား ပန်းတိုင်အထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ခရိုင်အတွင်း ဆန်နှင့် ဆီဖူလုံမှု၊ ဆီထွက်သီးနှံများအား အထူးဇုန်များအလိုက် စိုက်ပျိုးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ ဝါစိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းလျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ မင်းဘူးခရိုင်အတွင်း မြို့နယ်အလိုက် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မင်းဘူးခရိုင်အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့များ၊ ကျောက်မီးသွေးများ ထုတ်လုပ်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မင်းဘူးခရိုင်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိမှုနှင့် တစ်ကေပန်းတိုင်အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိမှု၊ မကွေးတိုင်းဒေသကြီးအတွင်း ဆန်ဖူလုံမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုကြောင့် ယခင်ကထက် သီးနှံများ ပိုမိုစိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိမှု၊ စိုက်ပျိုးရေးထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်ခြင်းကြောင့် တိုင်းဒေသကြီး၏ GDP များ တိုးတက်လျက်ရှိမှု၊ ဝါနှင့် ဆီထွက်သီးနှံ အဓိကစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများက မင်းဘူးမြို့နယ် ကောင်းသာရွှေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ စာသင်ဆောင်များ လိုအပ်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများ လုံလောက်စွာရရှိရေး နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ ထပ်မံတိုးချဲ့ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသဆိုင်ရာလိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ဆွေးနွေးပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးလှမိုးနှင့် ဦးခင်မောင်ရီတို့က နိုင်ငံတော်တစ်ဝန်း တည်ငြိမ်မှုနှင့် အေးချမ်းသာယာမှုရှိစေရေးအတွက် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲစာရင်း မှန်ကန်ရေးနှင့် အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား တိုက်ဖျက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တရားမဝင် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိမှု၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ အမြစ်ပြတ်ချေမှုန်းလျက်ရှိသဖြင့် ပြည်သူလူထုများမှလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုအပ်မှု၊ စိုက်ပျိုးရေလိုအပ်ချက် ပြည့်မီစေရေးအတွက် မြစ်ရေတင်လုပ်ငန်းများဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားကြစေလိုမှု၊ တင်ပြချက်များတွင်ပါဝင်သည့် စိုက်ပျိုးရေ လိုအပ်ချက်ရှိသည့် ကျေးရွာများ၌ နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ မြေအောက်ရေထုတ်ယူရရှိနိုင်ရေး လိုအပ်သည့် သုတေသနပြုတွက်ချက်မှုများကို ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မကွေးတိုင်းဒေသကြီးနှင့် မင်းဘူးခရိုင်တို့အတွင်း နှစ်အလိုက် သစ်တောဖုံးလွှမ်းမှုအခြေအနေများအပေါ် စိစစ်တွေ့ရှိချက်များ၊ နိုင်ငံ့အဝန်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသခံများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန်လိုအပ်မှုတို့နှင့်ပတ်သက်၍ အသီးသီး ဆွေးနွေးတင်ပြကြသည်။

*စာမျက်နှာ ၄ သို့*





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၃ မှ*

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်ငန်းများကိုအားပေး၍ ဒေသဖွံ့ဖြိုးတိုးတက်စေရေး အလေးထားဆောင်ရွက်

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မင်းဘူးဒေသတွင် ပဲနှင့်ဝါကို အဓိကထားစိုက်ပျိုးကြသည်ကို တွေ့ရှိရပြီး ဆန်ဖူလုံမှုရှိသည့် ဒေသလည်းဖြစ်ကြောင်း၊ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ယခုထက်ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မင်းဘူးခရိုင်တစ်ခုတည်းအနေဖြင့် စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် ဝင်ငွေလျော့နည်းမှုမှာ ၅၀၀ ဘီလီယံကျော်ခန့်ရှိကြောင်း၊ ထို့ကြောင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသ၏စီးပွားရေးကို များစွာပြောင်းလဲသွားစေနိုင်မည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ယခုဒေသတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ဝါများစိုက်ပျိုးရာတွင် တစ်ဧကပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုဧက ၅ သိန်းခန့်ရှိပြီး ဝါအထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းချည်ချောထုတ်လုပ်မှုများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချက်အလက်များအား တင်ပြဆောင်ရွက်ရာ၌ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများ ထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်း အချက်အလက်များ၊ စာရင်းဇယားများမှန်ကန်စွာ သိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာဆန်းစစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယား ကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့်စာရင်းဇယားများရရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိစေရေး မိမိတို့အနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းလိုအပ်ချက်များနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် လက်တွေ့မြေပြင်၌ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်နေကြသည့်သူများကို ကွင်းဆင်း၍ လိုအပ်ချက်များကို သုတေသနပြုမေးမြန်းခဲ့ကြောင်း၊ ထိုသို့မေးမြန်းရာတွင် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အခြေခံကျသောအချက်၊ ဖြည့်ဆည်းပေးရမည့်အချက်များကို ရိုးရှင်းစွာ မေးမြန်းခဲ့ကြောင်း၊ မေးမြန်းချက်များအရ မင်းဘူးဒေသတွင် သီးနှံ ၉ မျိုး စိုက်ပျိုးသည်ကိုတွေ့ရှိရကြောင်း၊ အားနည်းချက်များတွင် လူများ၏ အားနည်းချက်၊ ငွေကြေး အားနည်းချက်ဟူ၍ရှိကြောင်း၊ မြေပြုပြင်ခြင်းတွင် လိုအပ်သည့်ထွန်ယက်မှုများ လုံလောက်စွာ ပြုလုပ်ခြင်း၊ ခေတ်မြေဩဇာများ လိုအပ်မှုရှိပါက သဘာဝမြေဩဇာများ ထည့်သွင်းခြင်းများကို ဆောင်ရွက်နိုင်ကြောင်း၊ မြေဩဇာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်မှ စိုက်ပျိုးရေးချေးငွေများကို ထုတ်ချေးပေးထားကြောင်း၊ ကောက်ကွက်များ ပြည့်မီအောင်စိုက်ပျိုးရန်အတွက် လိုအပ်သည့်လူများမရရှိနိုင်ပါက Feed Seeder များဖြင့် စနစ်တကျ အစေ့ချစိုက်ပျိုးခြင်းဖြင့် တစ်ဧကပန်းတိုင် အထွက်နှုန်း ပြည့်မီရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာ ဆောင်ရွက်နေခြင်းအစား ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးလိုအပ်ချက်နှင့်ပတ်သက်၍ မကွေးတိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မင်းဘူးဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲစေရေး မိမိအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏ လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး လိုအပ်သည့် သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေးအတွက်လည်း နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း ဒေသ၏စားရေးလိုအပ်ချက်ကို ပြည့်မီအောင် မွေးမြူထုတ်လုပ်သွားရန်လိုကြောင်း၊ ဒေသအတွင်း မွေးမြူဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်းအပြင် အခြေခံစားကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွား တို့ကိုလည်း အောင်မြင်အောင် မွေးမြူဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက်လိုအပ်သည့် အစာလိုအပ်ချက်အတွက်လည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံ၍ လုပ်ဆောင်ရနိုင်မည်ဖြစ်ကြောင်း။

### လူသားအရင်းအမြစ်ကောင်းများရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာဖြင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများ လိုအပ်မည်ဖြစ်ကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသည့်အတိုင်း အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ဖြစ်ကြောင်း၊ ထို့အတူ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး လူရည်မွန်များလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်ရေး စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စု အစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်တို့အနေဖြင့်လည်း မိမိတို့ဒေသ၏ ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် “ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့” ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ရှိပြီးသား သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန်နှင့် သစ်ပင်များ တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ အပူဒဏ်ကို ကာကွယ်နိုင်ရေးအတွက် ရွာတိုင်းရွာတိုင်း အရိပ်ရပင်များကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ အချို့မြို့နယ်များသည် ကမ္ဘာ့အပူဆုံးမြို့များစာရင်းအတွင်း၌ ပါဝင်သည်ကို တွေ့ရကြောင်း၊ အပူရှိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာတစ်ရွာချင်းစီအလိုက် သစ်တောသစ်ပင်များကို တိုးချဲ့စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဒေသတွင်းဖြစ်ထွန်းအောင်မြင်ပြီး ကုန်ထုတ်လုပ်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေနိုင်သည့် ဆီးသီးပင်၊ မန်ကျည်းပင်အပါအဝင် အခြားအပင်များကို ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်းပစ္စည်းများသည် အဓိကကျကြောင်း၊ ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းပစ္စည်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

*စာမျက်နှာ ၅ သို့*

- **မင်းဘူးဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ပြောင်းလဲစေရေး မိမိအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိ၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များအပေါ် အခြေခံသည့်စက်မှုကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသ၏လူမှုစီးပွားဘဝများသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**
- **မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍လည်း ဒေသ၏စားရေးလိုအပ်ချက်ကို ပြည့်မီအောင် မွေးမြူထုတ်လုပ်သွားရန်လို၊ ဒေသအတွင်းမွေးမြူဖြစ်ထွန်းသည့် ဆိတ်မွေးမြူရေးလုပ်ငန်းအပြင် အခြေခံစားကုန်များဖြစ်သည့် ကြက်၊ ဝက်၊ နွားတို့ကိုလည်း အောင်မြင်အောင် မွေးမြူဆောင်ရွက်ကြရန်လို**



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန် လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

*စာမျက်နှာ ၄ မှ*

ပညာရေးနှင့်ပတ်သက်၍ ပညာရည်သင်ကြားခြင်းကိုသာမက သိသင့်သိထိုက်သည့် အသိပညာဗဟုသုတများရရှိစေရေးအတွက် မိမိတို့ကိုယ်တိုင်နှင့် မိမိတို့သားသမီးများကို စာဖတ်သည့်အလေ့အကျင့်များ မွေးမြူပေးရန်လိုကြောင်း၊ မိမိတို့သားသမီးများ၏ ဘဝတိုးတက်ရေးအတွက် ပညာရည်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ပညာရည်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ဒေသတွင်း လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် နိုင်ငံတော်မှ အလေးပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက်လည်း နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများ သင်ကြားပေးလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာလျှင် နိုင်ငံအတွင်း သွားလာလုပ်ကိုင်မှုများ အဆင်ပြေချောမွေ့လာမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခု ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့် မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်းမပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းခြင်းကို ထောက်ခံခြင်းဖြစ်ပြီး မဲမပေးခြင်းသည် ဒီမိုကရေစီစနစ်အပေါ် လျှောက်လှမ်းမှုကို မထောက်ခံခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မင်းဘူးဒေသအတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မင်းဘူးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသတွင် နေထိုင်ကြသူများ၊ တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့်လည်း မိမိတို့ဒေသကို ချစ်သည့်စိတ်၊ နိုင်ငံကောင်းရာကောင်းကျိုးကို လိုလားသည့်စိတ်များဖြင့် ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် မင်းဘူးခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ ခရိုင်ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အားကစားပွဲများ ကျင်းပပြုလုပ်ချိန်တွင် အားကစားဝါသနာရှင်ပြည်သူများ အဆင်ပြေစွာ ကြည့်ရှုနိုင်ရန်အတွက် ပွဲကြည့်စင် တည်ဆောက်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်၊ ရေနုတ်မြောင်း ဆောက်လုပ်ရာတွင်လည်း ရေများ စနစ်တကျစွန့်ထုတ်နိုင်ရန်အတွက် မြေအနိမ့်အမြင့်အား တွက်ချက်ဆောင်ရွက်သွားရန်၊ ပြေးလမ်းအားစနစ်တကျ တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

### မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး

ထို့နောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် သွားနှင့်ခံတွင်းကုသမှုဌာန၊ ခွဲစိတ်ခွဲခန်းနှင့် ဇီဝဓာတ်ခွဲခန်းတို့အတွင်း လှည့်လည်၍ ပြည်သူများအား ဆေးကုသမှုများ ဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က မင်းဘူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးအတွက် အလှူငွေများကိုပေးအပ်ရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

### မကွေး-မင်းဘူးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင်လည်း မင်းဘူးမြို့ ရှူခင်းသာနေရာသို့ ရောက်ရှိကြရာ မကွေး-မင်းဘူးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လမ်းနယ်များနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်အတိုင်း စနစ်တကျဖြစ်ရန်လိုပြီး အချို့လမ်းနယ်များ၌ ကျူးကျော်မြေအသုံးချမှုများ ရှိနေသည့်အတွက် လမ်းမကြီးများဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ လမ်းများ အဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ရာတွင်လည်း လမ်းကြောင်းတစ်လျှောက် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်ချက်များ ပြည့်မီစေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ဆန္ဒမဲပေးရာတွင် တိုင်းပြည်နှင့် ဒေသကောင်းကျိုး ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူများကိုရွေးချယ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား မကွေးမြို့ရှိ နယ်မြေခံတပ်ဌာနချုပ် သီဟသူရကျောင်စံခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင်ပါဝင်နေမှု**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာ၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲပြီးစီးချိန်တွင် အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တပ်မတော်သားများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း တိုင်းပြည်နှင့် ဒေသကောင်းကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူ၊ လွတ်လပ်ရေးရရှိပြီးကတည်းက ယနေ့ထက်တိုင် ခိုင်မာစွာတည်ရှိနေသည့် တပ်မတော်နှင့် စိတ်တူကိုယ်တူ လက်တွဲဆောင်ရွက်နိုင်သည့်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သည့်သူ၊ ဥပဒေနှင့်ပတ်သက်၍ အသိပညာရှိသူများကိုရွေးချယ်၍ ဆန္ဒမဲများပေးနိုင်ရန်လိုကြောင်း၊ တပ်မတော်သည် နိုင်ငံတော်နှင့် အမျိုးသားရေးကို သစ္စာရှိစွာဖြင့် ခေတ်အဆက်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်းဖြင့် ဦးစွာပြောကြားပြီး တပ်မတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်းပဋိပက္ခများနှင့် ပြည်ပမကျူးကျော်မှုများကို "တိုက်ရင်းလေ့ကျင့်၊ လေ့ကျင့်ရင်းတိုက်" ဟူသည့်အတိုင်း အခက်အခဲများကြားမှ သောင်းကျန်းသူချေမှုန်းမှု စစ်ဆင်ရေးများကို ဆင်နွှဲခဲ့ရမှုအခြေအနေများ၊ နိုင်ငံတော်မှ ခေတ်အဆက်ဆက်ကျင့်သုံးဆောင်ရွက်ခဲ့သည့် နိုင်ငံရေးစနစ်များနှင့် ကြုံတွေ့ခဲ့ရမှုများ၊ ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ အုတ်မြစ်ချဆောင်ရွက်ပေးခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ရွေးချယ်၍ဆန္ဒမဲပေး**

ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စနစ်တကျဖြစ်ပေါ်လာအောင် ဦးဆောင်၍ ဖော်ဆောင်ပေးခဲ့သည့် အဖွဲ့အစည်းဖြစ်သကဲ့သို့ မြန်မာ့ဒီမိုကရေစီစနစ်ခိုင်မာအောင် တည့်မတ်ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ ပထမဒီမိုကရေစီအစိုးရသက်တမ်းနှင့် ဒုတိယဒီမိုကရေစီအစိုးရသက်တမ်းတွင်လည်း တပ်မတော်သည် ဒီမိုကရေစီအစိုးရအဖွဲ့များနှင့် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်မှုများအကြားမှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်ကိုလည်း တပ်မတော်ကသာ ဦးဆောင်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် တပ်မတော်နှင့် လက်တွဲဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေးအမြင်ရှိသူများကို ရွေးချယ်၍ ဆန္ဒမဲပေးကြရန် လိုကြောင်း၊ တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့နိုင်ငံ၏ ဖြတ်သန်းခဲ့ရသည့်သမိုင်းကြောင်းများကို မှန်မှန်ကန်ကန်သိရှိရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း။

**ရှင်းလင်းဆောင်ရွက်နေရ**

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေသည့် အခိုင်အမာဆုံးအဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများကို ယနေ့အချိန်အထိ တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေရကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အမြဲအသင့်ဖြစ်နေစေရေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့အသင့်ဖြစ်နေရန်အတွက် မိမိတို့နေ့စဉ်ဆောင်ရွက်ရမည့် လေ့ကျင့်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေရန်နှင့် မိမိတို့ကိုယ်စီထမ်းဆောင်နေရသည့် တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်းကို မှန်မှန်ကန်ကန်ဆောင်ရွက်သွားမည်ဆိုပါက သက်သာချောင်ချိရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

**အောင်မြင်အောင်ဆောင်ရွက်**

တပ်မတော်သားများအားလုံးအနေဖြင့် မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန်နှင့် မိမိကိုယ်တိုင်၊ တပ်မတော်နှင့် နိုင်ငံတော်အတွက် အကျိုးရှိမည်ဆိုပါက လုပ်ငန်းများကိုအောင်မြင်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**ရင်းနှီးနွေးထွေးစွာအားပေး**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်နယ်ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ ပြည်သူ့စစ်မှုထမ်းများအား ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ မေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆေးရုံလိုအပ်ချက်များအားမေးမြန်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာသို့ ရောက်ရှိကြပြီး အိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အိမ်ရာတွင်နေထိုင်လျက်ရှိကြသည့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော် ကြည်ညို၍ ပြည်မြို့ ညနေနေဝင်ချိန်ရှုခင်းအား ကြည့်ရှုသည်။

**ဖူးမြော်ကြည်ညို**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များသည် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ဆက်လက်၍ ရွှေဆံတော်စေတီတော် ဗုဒ္ဓပြတိုက်အတွင်း၌ Pagoda Digital Directory Online Website ဆောင်ရွက်ထားရှိမှုအခြေအနေများအား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ အွန်လိုင်းတွင် ဖော်ပြရာ၌ ဘုရားများ၏ သမိုင်းအထောက်အထားများ ခိုင်ခိုင်မာမာဖြစ်ရန်လိုကြောင်း၊ ဓာတ်ပုံများကိုလည်း ခေတ်နှင့်လျော်ညီသည့် ဓာတ်ပုံအရည်အသွေးများ ဖြစ်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။ ထို့နောက် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက်၌ သွန်းလောင်းပူဇော်ခဲ့ကြသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်များနှင့် သမိုင်းအထောက်အထားများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပြည်မြို့ကျက်သရေဆောင် လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး စေတီတော်ကြီးအတွက် ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပြည်မြို့ ကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်းရှိ ခေတ္တရာ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ် ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ ယာဉ်ရပ်နားရန်နေရာများ စနစ်တကျဖြစ်ရန်လိုသည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်မြို့ ကမ်းနားလမ်းရှိ ခေတ္တရာညဈေးတန်း၌ လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြည်မြို့ ကမ်းနားလမ်းရှိ ခေတ္တရာညဈေးတန်း၌ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုကို လိုက်လံကြည့်ရှုပြီး ဝယ်ယူအားပေးစဉ်။

## ဧရာဝတီမြစ်ရေ လက်ရှိရေမှတ်အောက် ကျဆင်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၄၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ဒီဇင်ဘာလ တတိယ (၁၀)ရက်ပတ်အတွင်း လက်ရှိရေမှတ်အောက် တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ ရေနည်းသတိပေးမှတ် ၃၆၀ စင်တီမီတာအောက်တွင် ဆက်လက်တည်ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မြခွာညိုသင်းပါတဲ့ လပြာသို မြင်းခင်းသဘင်

တက္ကသိုလ်ပွင့်သူအောင်

**မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် ပြာသိုလသည် ဆယ်ခုမြောက်လဖြစ်သည်။ ပြာသိုလသည် ဆောင်းရာသီ၏ အလယ်ဗဟို၌ ကျရောက်နေသောကြောင့် လွန်စွာချမ်းအေးလှသည်။ ရှေးစာဆို ပညာရှင်တို့က "ပြာသိုမကာရ၊ ကြယ်ဖုသျှ၊ ယှဉ်ထတူနှစ်ဖော်"ဟူ၍ တင်စားခဲ့ကြသည်။ ထို့ကြောင့် ပြာသိုလတွင် နေမင်းကြီးသည် မကာရရာသီကြယ်စုကို နောက်ခံထား၍ မျက်မြင်အားဖြင့် အရှေ့မှ အနောက်သို့ နေ့စဉ်သွားနေသည်။**

> **"မြန်မာ့ဆယ့်နှစ်လ ရာသီပွဲတော်များတွင် ပြာသိုလ၌ကျင်းပသော မြင်းခင်းသဘင်ပွဲတော်သည် ပြည်သူလူထုကို မြန်မာ့ရိုးရာဓလေ့နှင့်အညီ နိုင်ငံချစ်စိတ်၊ ဇာတိချစ်စိတ်၊ နိုင်ငံအတွက် အသက်ပေးကာကွယ်လိုစိတ်များ ရင့်သန်စေပြီး ရှေးခေတ်မြန်မာမင်းများ၏ မြန်မာ့တပ်မတော်ကြီး၏ တိုက်ခိုက်ရေးစွမ်းရည်၊ ကာကွယ်ရေးစွမ်းရည် မြင့်မားစေမှုတို့ကို ပြာသိုလ မြင်းခင်းသဘင်ပွဲသည် အဓိက အခန်းကဏ္ဍမှ အထောက်အကူပြုခဲ့"**

ပြာသိုလတွင် စန်းပြည့်နက္ခတ်မှာ ဖုသျှနက္ခတ်ဖြစ်ပြီး ယှဉ်သောတာရာမှာ ပုစ္ဆန်တာရာဖြစ်သည်။ "နေ့ဝါဆို ညပြာသို" ဟူသော ဆိုရိုးစကားနှင့်အညီ ဝါဆိုလသည် နေ့တာအရှည်ဆုံးဖြစ်သကဲ့သို့ ပြာသိုလသည် ညတာအရှည်ဆုံးဖြစ်သည်။ ထို့ကြောင့် ပြာသိုလကို ရှေးမြန်မာများ စံချိန်သတ်မှတ်ချက်အရ နေမွန်းတည့်ခြောက်ဖဝါးရှိသည့် လဖြစ်ကြောင်း သိရှိရသည်။ ပြာသိုလ၏ ရာသီပန်းမှာ ခွာညိုပန်းဖြစ်ပြီး ရာသီပွဲတော်မှာ မြင်းခင်းသဘင်ပွဲခေါ် သူရဲကောင်းရွေးပွဲလည်းဖြစ်သည်။

### ပြာသိုလ၏အဓိပ္ပာယ်

ရှေးပုဂံခေတ်ကျောက်စာများ၌ ပြာသိုလကို "ပ္လသိုဝ်၊ ပ္လာသိုဝ်၊ ပြာသို" ဟူ၍ တွေ့ရှိရသည်။ "ပ္လာသိုဝ်"၌ပါသည့် "ပ္လာ" သဒ္ဒါကို မြန်မာနှင့် အနွယ်တူဘာသာစကားတို့တွင် ဆန်းစစ်ရာ၊ "ပျားဖယောင်း" ဟု အဓိပ္ပာယ်ရသော ပုဒ်ရင်းကို တွေ့ရသည်။ "သို" ၏ အနက်အဓိပ္ပာယ်မှာ "သိုလှောင်ခြင်း"ပင်ဖြစ်သည်။ ထို့ကြောင့် ပြာသိုလ၏ အဓိပ္ပာယ်မှာ "ပျားဖယောင်းကိုစု၍ အရဆုံးလ" ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ ရှေးစာဆိုပညာရှင်ကြီး လေ့သင်းအတွင်းဝန်က ပြာသိုလသည် သက္ကတပေါသျှီမှ လာခြင်းဖြစ်ကြောင်း၊ ပေါသျှီဟူသည်မှာ ဖုသျှနက္ခတ်ကို ဆိုလိုထားခြင်းဖြစ်ကြောင်း ဆိုသည်။ ထို့ပြင် ပြာသိုလ မကာရရာသီတွင် ဖုသျှနက္ခတ်နှင့် စန်းယှဉ်ပြီး လပြည့်သည်ကို အကြောင်းပြုကာ ပြာသိုဟူ၍ ခေါ်ဆိုကြောင်း သိရသည်။ အထူးသဖြင့် ထူးခြားချက်မှာ ပြာသိုလသည် ဝါငယ်ထပ်နှစ်၊ ဝါကြီးထပ်နှစ် နှစ်မျိုးလုံးတွင် ရက် ၃၀ စီရရှိနေခြင်းပင်ဖြစ်သည်။

### ပြာသိုလ၏ရာသီပွဲတော်

မြန်မာ့တစ်ဆယ့်နှစ်လ ရာသီပွဲတော်များစွာရှိသည့်အနက် ထူးခြားချက်အဖြစ် ပြာသိုလတွင် ကျင်းပသော နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုသည့် မြင်းခင်းသဘင်ပွဲပင်ဖြစ်သည်။ တစ်နည်းအားဖြင့် သူရဲကောင်းရွေးပွဲလည်း ဖြစ်သည်။ ရှေးခတ် မြန်မာရှင်ဘုရင်များလက်ထက်ကာလက မြင်းခင်းသဘင်ပွဲ၌ မင်းညီမင်းသားများ၊ မှူးမတ်များနှင့် စစ်သေနာပတိများသည် ရာထူးအဆင့်လိုက် သတ်မှတ်ထားသော မိမိတို့အဆောင်အယောင်အဝတ်အစားများကို ဝတ်ဆင်ကြကာ ဓားရေး၊ လှံရေး၊ လေးရေး၊ သေနတ်ရေး၊ မြင်းရေး၊ ဆင်ရေး အစရှိသည်များကို လေ့ကျင့်ပြသကြသည်။

ယင်းမြင်းခင်းသဘင်ပွဲကျင်းပရာတွင် မြင်းစီးသူရဲကောင်းတို့သည် မြင်းကို ထိုင်လျက်၊ ရပ်လျက်၊ အိပ်လျက်၊ ရှေ့ပြန်နောက်ပြန်ပြုလျက် ကျွမ်းကျင်စွာ စီးပြကြသည်။ ထိုမျှသာမက မြင်းစီးလျက်ကပင် အဲမောင်းလှံဖြင့်ပစ်ခြင်း၊ ဓားရေးပြခြင်းတို့ကို ကျွမ်းကျင်လိမ္မာစွာ ပြသကြသည်။ ရှေးမြန်မာသမိုင်းမှတ်တမ်းများအရ မြင်းခင်းသဘင်ကို သက္ကရာဇ် ၆၇၄ ခုနှစ်ခန့်က ပင်းယတစ်စီးရှင် သီဟသူလက်ထက်၌ စတင်ပေါ်ပေါက်လာခဲ့သည်ဟု ယူဆကြသည်။ ထို့ပြင် ဘိုးတော်ဘုရားလက်ထက်က ပညာရှိတို့သည် မြင်းခင်းသဘင်ပွဲမှာ ဒုတိယအင်းဝခေတ်အစ ညောင်ရမ်းမင်းလက်ထက်တွင် ပေါ်ပေါက်လာသည်ဟူ၍လည်း ယူဆခဲ့ကြသည်။

ရှေးခေတ်စာဆိုတော်ကြီးများသည် ပြာသိုလ မြင်းခင်းသဘင်ပွဲနှင့် ပတ်သက်၍ လေးချိုး၊ ရတု၊ ပျို့များဖြင့် ဖွဲ့ဆိုခဲ့ကြသည်။ စာဆိုပညာရှင်ကြီး လူဦးမင်းက ပြာသိုလဘွဲ့လေးချိုးတွင် "စွယ်ရောင်လျှံတောက်၊ ရဲမာန်မောက်တဲ့၊ မုန်သောက်ဆဒ္ဒန်၊ သောင်းရှစ်ပြန်ကို၊ စီမံမကျင်း၊ စက်လျှောင်သွင်းနှင့်၊ မြင်းခင်းငယ်ဗျူဟာ၊ အဖြာဖြာလဲ၊ တညီလာပြု၊ ဗိုလ်သဘင်ရှုချိန်မို့၊ ကိုက်နှုဖူးစီပွင့်၊ အားအဲချီတော့ပ၊ ကြိုင်ဆီငယ်ဆင်သည်ဟူ၍" မြင်းခင်း၊ ဆင်ခင်း၊ လှံရေး၊ ဓားရေးအခင်းအကျင်းတို့ဖြင့် ဗိုလ်ရှုခံပုံကို ရေးဖွဲ့ခဲ့သည်။ ထို့အတူ ရှေးစာဆိုပညာရှင် မဟာဓမ္မသင်္ကြန်က "ခွာပြာလေ...မလ္လာလေ၊ ဂန္ဓာကြိုင်သင်း၊ ဂေါ်ဇင်ပင်မြင့် မင်းငယ်လေး၊ မြင်းခင်းအောင်ဖေယျံတည်မှ၊ ငယ်ဝန်းစီးပုံဟန်"ဟူ၍ ပြာသိုလ၏ တင့်တယ်ပုံ၊ မြင်းခင်းသဘင်ပွဲ၌ မြင်းစီးပုံများကို ဖွဲ့နွဲ့ရေးသားခဲ့သည်။


ပြာသိုလတွင် ကျင်းပသည့် မြင်းခင်းသဘင်ပွဲတော်ကို သရုပ်ဖော်ရေးဆွဲထားပုံ။

### စွမ်းရည်ပြပွဲများ

ရှေးမြန်မာမင်းများလက်ထက်က ရန်သူများနှင့် စစ်တိုက်ခိုက်ရာတွင် ရင်ဆိုင်တိုက်ပွဲများ ပါဝင်နေခြင်းကြောင့် စစ်သည်တော်များအားလုံး မြင်းစီး၊ ဆင်စီးကျွမ်းကျင်အောင် လေ့ကျင့်ထားကြရသည်။ လေးအတတ်၊ မြားပစ်အတတ်၊ ဓားခုတ်၊ လှံထိုးအတတ်များ၊ မြင်းစီးကျွမ်းကျင်ခြင်း စသည်တို့သည် မင်းညီမင်းသား၊ သူရဲကောင်းများအတွက် အထူးလိုအပ်သော အရည်အချင်းများပင်ဖြစ်သည်။ ထို့ကြောင့် မြင်းခင်းသဘင်တွင် စွမ်းရည်ပြပွဲများ ထည့်သွင်းကျင်းပခြင်းလည်းဖြစ်သည်။ မြင်းခင်းသဘင်တွင် ပါဝင်သော စွမ်းရည်ပြပွဲများမှာ-(၁) စက်ကွင်းလှံထိုးပွဲ၊ (၂) မြင်းရေး ၃၇ ရေးပြပွဲ၊ (၃) အဲမောင်း ၃၇ ရေးပြပွဲ၊ (၄) လှံထိုးပြိုင်ပွဲ၊ (၅) ဓားခုတ်ပြိုင်ပွဲ၊ (၆) လေးစွမ်းပြိုင်ပွဲ၊ (၇) တုတ်သိုင်းပြိုင်ပွဲ၊ (၈) ဓားသိုင်းပြိုင်ပွဲ၊ (၉) သေနတ်ပစ်ပြိုင်ပွဲ၊ (၁) ဗလီခတ်ခေါ် ကူလီရိုက်ပွဲ၊ (၁၁) ဆင်ခင်းပွဲ စသည်တို့ဖြစ်သည်။ ယင်းစွမ်းရည်ပြပွဲများသည် အထူးလေးနက်သောပွဲများဖြစ်ရာ မြင်းခင်း၊ ဆင်ခင်း၊ လေးခင်း၊ ဓားခုတ်၊ လှံထိုး၊ ဒူးလေးပစ်၊ လင်းလေးပစ်၊ ဆင်တိုက်၊ မြင်းပြေး၊ သေနတ်ပစ်၊ အမြောက်ပစ်၊ စက်ထိုး၊ ဗလီခတ်ခေါ် ကူလီရိုက် အစရှိသည့် မြန်မာ့ကြည်းတပ်မတော်၏ တိုက်ခိုက်နည်းအမျိုးမျိုး ပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ပြင် သိုင်းအမျိုးမျိုးကိုလည်း ကျင်းပသည်။

မြင်းခင်းသဘင်ပွဲကို ပင်းယတစ်စီးရှင် သီဟသူမင်းလက်ထက်တွင် အစီအစဉ်တကျ ကျင်းပခဲ့သည်။ မြင်းခင်းသဘင်ပြိုင်ပွဲ၏ အစီအစဉ်အရ သံတော်ဆင့်ဝန်သည် အခမ်းအနားစတင်ပြီဖြစ်ကြောင်း ကြေညာလေ့ရှိရာ ပါဝင်ယှဉ်ပြိုင်သူ စစ်သည်တော်များက စစ်တံပိုးသံနှင့် စစ်မောင်းသံအလိုက် မြင်းများကို အချက်ကျကျစီးကာ ကွင်းကိုပတ်ပြီး အလှပြကြသည်။ ထိုသို့ အလှပြပြီးနောက် ကွင်းအပြင်သို့ အစီအစဉ်တကျ ထွက်ခွာကြရသည်။ ပြာသိုလ မြင်းခင်းသဘင်စွမ်းရည် ပြိုင်ပွဲကြီး စတင်သည့် ပထမဦးဆုံးပွဲစဉ်မှာ စက်ကွင်းလှံထိုးပွဲဖြစ်သည်။ ထိုပြိုင်ပွဲကို မြင်းစီးပြီး ယှဉ်ပြိုင်ကြရသည်။ ဤပွဲ၌ စက်ကွင်းသုံးခုထားရှိပြီး အဖွဲ့လိုက် သို့မဟုတ် တစ်ဦးချင်းယှဉ်ပြိုင်ကြသည်။ စက်ကွင်းလှံထိုးပွဲ ပြီးဆုံးသွားပါက ထူးချွန်အောင်နိုင်သူ စစ်သည်သူရဲကောင်းများသည် မြင်းခင်းသဘင်ကွင်းကိုပတ်ကာ ရှင်ဘုရင်နှင့် မိဖုရားရှေ့တော်သို့ မြင်းစီးလျက် ဟန်အလှနှင့် ဝင်ကြရသည်။ ထိုအခါ မိဖုရားကြီးက ရွှေကျင်ခပ်ပဝါကို ပစ်ပေးတော်မူသကဲ့သို့ မင်းသမီးများကလည်း ပန်းများပစ်ပေးပြီး ဂုဏ်ပြုကြသည်။ ထူးချွန်အောင်နိုင်သူများသည် မိဖုရားကြီးဂုဏ်ပြုသော ရွှေကျင်ခပ်ပဝါကို ရင်တွင်စည်းကာ မင်းသမီးများက ပေးအပ်သည့် ပန်းများကို နားတွင်ပန်ဆင်လျက် ရှေ့တော်သို့ တစ်ပတ်ပတ်ပြီး ဝင်ကြရသည်။ ထိုအခါ မြင်းခင်းသဘင်ပွဲကို လာရောက်အားပေးကြည့်ရှုနေကြသော ပရိသတ်ထုကြီးက သောင်းသောင်းဖြဖြ သြဘာပေးကြသည်။ ထိုပြိုင်ပွဲတွင် ပေးအပ်သော ဆုတော်လာဘ်တော်များမှာ ပိုးပုဆိုး၊ ဖဲပဝါ၊ ပိုးပန်းပဝါ၊ ပုစွန်ထုပ်ခေါင်းပေါင်း အစရှိသည်တို့ဖြစ်သည်။ ယင်းဆုတော် လာဘ်တော်များကို ထူးချွန်အောင်နိုင်ကြသော သူရဲကောင်းတို့သည် များစွာတန်ဖိုးထား ဂုဏ်ယူဝမ်းသာကြသည်။

ထို့နောက် မြင်းရေး ၃၇ ရေးပြိုင်ပွဲကို ဆက်လက်ကျင်းပရာတွင် ပြိုင်ပွဲဝင်သူများသည် မြင်းရေး ၃၇ ရေးကို မြင်းရေး ၃၇ ချင်းတေးသီချင်း၏ စည်းချက်အတိုင်း မြင်းရေးပြသနေကြသည်မှာ ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းလှသည်။ ထိုသို့ မြင်းရေး ၃၇ ချင်းတေးသီချင်း၏ စည်းချက်အတိုင်း မြင်းရေးပြပြီးပါက လှံထိုးစွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပသည်။ ယှဉ်ပြိုင်သူသည် မြင်းကိုဒုန်းစိုင်းစီးလာပြီး ဘုရင့်ရှေ့တော်မှောက်သို့ ရောက်သည့်အခါ အထက်သို့ ပစ်ပေးလိုက်သော ရှောက်သီးတစ်လုံးကို မြင်းပေါ်မှ မြင်းစီးလျက်နှင့် လှံဖြင့် ပြေးဝင်ထိုးယူရသည်။ ထို့နောက် မြင်းစီးရေ ခြောက်စီးတွဲလျက် ထွက်လာကာ မြေပြင်ပေါ်သို့လိမ့်ပေးလိုက်သည့် ရှောက်သီးများကို မြင်းပြေးလျက်နှင့်ပင် လှံဖြင့်ထိုး၍ အထက်သို့ ပစ်မြှောက်ရသည်။ ထိုယှဉ်ပြိုင်ပွဲပြီးသွားသောအခါ အောင်ပွဲရသူများက အဲမောင်း ၃၇ ချင်း ကပြရသည်။

လှံထိုးစွမ်းရည်ပြိုင်ပွဲ ပြီးသွားသဖြင့် ဓားခုတ်ပြိုင်ပွဲ ဆက်လက်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်များသည် ဓားခုတ်ပြိုင်ရင်း ဘုရင်မင်းမြတ်၏ ပွဲကြည့်စင်ရှေ့၌ စိုက်ထူထားသည့် ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များကို ပြိုင်ပွဲဝင်သူများက မြင်းကိုဒုန်းစိုင်းစီးလျက် ဓားဖြင့် ဘယ်ညာပြန် ခုတ်ကြသည်။ ပြီးလျှင် မဏ္ဍပ်ရှေ့ကွက်လပ်၌ ငှက်ပျောတုံးငုတ်တိုများကို ယာယီစိုက်ထားသည်။ ထိုငှက်ပျောတုံးငုတ်တိုများပေါ်၌ ရေအပြည့်ထည့်ထားသည့် မြူအိုး(ရေအိုးငယ်) တစ်လုံးစီ တင်ထားသည်။ ထို့နောက် ပြိုင်ပွဲဝင်အဖွဲ့များသည် မြင်းကိုရင်ပေါင်တန်းစီးသွား၍ ငှက်ပျောပင်များအကြားမှဖြတ်ကာ ငှက်ပျောတုံးများကို ဓားဖြင့် ခုတ်ရသည်။ ထိုသို့ခုတ်ရာတွင် ငှက်ပျောတုံးများမှာ တိတိရိရိပြတ်နေသော်လည်း လဲကျမသွားရပေ။ ထို့အတူ ရေအိုးငယ်သည်လည်း ရေဖိတ်ကျမှုမရှိ နေမြဲပုံစံမပျက် ရှိနေစေရမည်ဖြစ်သည်။

ထိုကဲ့သို့ ယှဉ်ပြိုင်ပွဲပြီးသွားလျှင် ပြိုင်ပွဲကြီးကြပ်သူတို့က ရေအိုးကိုမဖယ်ပြီး ငှက်ပျောတုံးငုတ်တိုအထက်ပိုင်းကို တွန်းကြည့်ရသည်။ ငှက်ပျောတုံးငုတ်တိုသည် ဓားခုတ်ထားသော နေရာမှ တိတိရိရိပြတ်ကာ အောက်သို့ ကျသွားစေရမည်ဖြစ်ပြီး ဓားခုတ်နေရာ၌ အမျှင်ပင်မတန်းစေရပေ။ မြင်းခင်းသဘင်ပြိုင်ပွဲ ပြီးဆုံးသွားသောအခါ လေးသည်တော်ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။ လေးသည်တော်များသည် ခေါင်းပေါ်တင်ထားသော သံပရာသီးကို မှန်အောင်ပစ်ရသည်။ ယင်းစွမ်းရည်ပြပွဲ၌ တုတ်သိုင်း၊ ဓားသိုင်း ပြိုင်ပွဲများလည်း ဆက်လက်ကျင်းပသည်။

ပင်းယခေတ် မြင်းခင်းသဘင်ပြိုင်ပွဲများ၌ သေနတ်ပစ်ပြိုင်ပွဲများ မရှိသော်လည်း ကုန်းဘောင်ခေတ်ရောက်လာသောအခါ သေနတ်ပစ်ပြိုင်ပွဲများ ထည့်သွင်းကျင်းပခဲ့ကြသည်။ သေနတ်ပစ်ပြိုင်ပွဲတွင် အဝေးရှိစက်ကွင်းကို ထိမှန်အောင် ပစ်ရသကဲ့သို့ အတောင် ၁၀၀၊ ၂၀၀ အကွာအဝေးတွင် ဘူးသီး၊ ဒင်္ဂါးပြား စသည်တို့ကို ထောင်ထား၍ ပစ်ခတ်ရသည်။ စွမ်းရည်ပြိုင်ပွဲအသီးသီးတွင် အနိုင်ရရှိအောင်မြင်ကြသူများသည် ရွှေဖလား၊ ငွေဖလား စသည်တို့ကို ပစ်ပေးခြင်းခံရပြီး ယင်းဖလားတို့ကို မိအောင်ဖမ်းယူကြရသည်။ ထို့နောက် ဗလီခတ်ခေါ် ကူလီရိုက်ပွဲများ ဆက်လက်ကျင်းပသည်။ ကူလီရိုက်ပွဲကစားရာတွင် ကူလီတံဖြင့် ကူလီသီးကို လိမ့်ယူကာ မိမိဘက်သို့ပါအောင် ကစားရခြင်းပင်ဖြစ်သည်။ ယင်းကူလီရိုက်ပွဲကို မြင်းဖြင့် စီးနင်းကစားရသောကြောင့် မြင်းစီးကျွမ်းကျင်ရန်နှင့် လျင်မြန်ဖျတ်လတ်ခြင်းရှိရန် ကြိုတင်လေ့ကျင့်ထားရသည်။ သို့မှသာ ကူလီရိုက်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ပြာသိုလတွင် မြင်းခင်းသဘင်ပွဲကို ကျင်းပပြုလုပ်သည်။ မြန်မာ့ဆယ့်နှစ်လ ရာသီပွဲတော်များတွင် ပြာသိုလ၌ကျင်းပသော မြင်းခင်းသဘင်ပွဲတော်သည် ပြည်သူလူထုကို မြန်မာ့ရိုးရာဓလေ့နှင့်အညီ နိုင်ငံချစ်စိတ်၊ ဇာတိချစ်စိတ်၊ နိုင်ငံအတွက် အသက်ပေး ကာကွယ်လိုစိတ်များ ရင့်သန်စေရန် အကျိုးပြုသည်။ အထူးသဖြင့် ရှေးခေတ်မြန်မာမင်းများ၏ မြန်မာ့တပ်မတော်ကြီး၏ တိုက်ခိုက်ရေးစွမ်းရည်၊ ကာကွယ်ရေးစွမ်းရည် မြင့်မားစေမှုတို့ကို ပြာသိုလ မြင်းခင်းသဘင်ပွဲသည် အဓိကအခန်းကဏ္ဍမှ အထောက်အကူပြုခဲ့ကြောင်း ရေးသားလိုက်ရပါသည်။ ။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန်
၇
ရက်
သာ လိုတော့သည်။

## ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ဆွာချောင်းတံတား ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ဆင်သေချောင်း ရေကြီးရေလျှံမှု လျှော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတား အဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတား ရေလမ်းပိုင်း သောင်တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး(အမြန်လမ်း) ဆွာချောင်းတံတား ရေတိုက်စားကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေ ဆင်သေချောင်း ရေကြီးရေလျှံမှု လျှော့ပါးရေးလုပ်ငန်း၊ ဥယျာဉ်တံတားအဝင်ရေလမ်းပိုင်းနှင့် သိုက်ချောင်းတံတားရေလမ်းပိုင်း သောင်တူးဖော်ခြင်း၊ အထောက်အကူပြုရေလွှဲရေကာများ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဆွာချောင်းတံတား စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးချိန်တွင် Steel Basket ရေကာများနှင့် တံတားရေလယ်တိုင်များ အနေအထားအရ ရေလမ်းကြောင်း ကောင်းမွန်စေရန်နှင့် ရေရှည်တွင် ချောင်းစီးဆင်းမှု မှန်ကန်စေရေး တိုင်းတာစစ်ဆေးမှုများ ပူးပေါင်းဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆွာချောင်းတံတားသည် ၂၀၂၅ ခုနှစ် ဇွန်လအတွင်း တောင်တရုတ်ပင်လယ်ပြင်မှ ဝင်ရောက်ခဲ့သော မုန်တိုင်းမိုးများကြောင့် တံတား၏ ရန်ကုန်ဘက်ခြမ်း ကမ်းကပ်ခုံရေတိုက်စားပျက်စီးခဲ့ရပြီး နိုင်ငံတော်ယာယီသမ္မတ၏ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးခရီးစဉ်တွင် **“ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးရှိ ဆွာချောင်းတံတားသို့ ရေစီးကြောင်း မှန်ကန်စွာ စီးဆင်းစေရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်”** လမ်းညွှန်မှာကြားခဲ့ခြင်းအပေါ် ဆွာချောင်းရေတိုက်စားမှု ကာကွယ်ရန်နှင့် တံတားအဝင်ရေလမ်းကောင်းမွန်စေရန်တို့အတွက် Gabion Box ကျောက်ဖြည့်မြေထိန်းနံရံ အလျား ပေ ၁၃၅၀၊ Steel Basket ရေကာအလျား ပေ ၉၀၀ နှင့် သုံးတန်းသွား မျောတိုင်တန်းရေကာ အလျားပေ၁၅၀ဖခုတည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၈ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းသည် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေတွင် ၂၀၂၄ ခုနှစ်အတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး ဆင်သေချောင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင်ကျေးရွာများနှင့် လမ်းတံတားများ ထိခိုက်ပျက်စီးမှုများစွာဖြစ်ပေါ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၈ ရက်တွင် နေပြည်တော်ကောင်စီအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည့်ခရီးစဉ် လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဥယျာဉ်တံတားအဝင်ရေလမ်းနှင့် ရေထိန်းရေကာများ တည်ဆောက်ရေးလုပ်ငန်းနေရာသို့ ရောက်ရှိစစ်ဆေးသည်။

ဥယျာဉ်တံတား ရေလမ်းကြောင်းပြုပြင်ရေးစီမံကိန်းသည် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဆင်သေချောင်းအား ဖြတ်သန်းတည်ဆောက်ထားသော တံတားဖြစ်ပြီး ရာဂီမုန်တိုင်းဒဏ်ကြောင့် ကမ်းပြိုကမ်းစားဖြစ်ပေါ်မှုများကြောင့် တံတားပျက်စီးမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတစ်ခုဖြစ်ပြီး ဆင်သေချောင်းရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးရေလျှံမှု လျှော့ပါးရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ဥယျာဉ်တံတားအဝင်ရေလမ်းနှင့် သိုက်ချောင်းတံတားရေလမ်းကောင်းမွန်ရေးအစီအမံများကို ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်သည်။

ဥယျာဉ်တံတားအဝင်ရေလမ်းပိုင်းတွင် အလျား မီတာ ၃၀၀၀ ၊ သိုက်ချောင်းတံတားရေလမ်းတွင် အလျား မီတာ ၃၂၅၀ ရှိ သောင်တူးဖော်ခြင်းလုပ်ငန်းများကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးမှုမှာ ၂၈ ရာခိုင်နှုန်းရှိပြီဖြစ်ပြီး အထောက်အကူပြု Steel Basket ရေလွှဲရေကာများ တည်ဆောက်ခြင်း အလျား ပေ ၈၅၀၅ ခု နှင့် Steel Basket မြေထိန်း နံရံအလျား ပေ ၁၅၀၅ ခု တို့ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးမှုမှာ ၆၇ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

ထိုသို့ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(လုပ်ငန်း)က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ အရည်အသွေးပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ဆင်သေချောင်းရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေရှည်ဆောင်ရွက်သင့်သောလုပ်ငန်းများ၊ ဥယျာဉ်တံတားနှင့် သိုက်ချောင်းတံတားတို့ ရေရှည်တည်တံ့စေရေးဌာနမှ စစ်ဆေးဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ဆင်သေချောင်း၏ သဲနုန်းကျဆင်းမှုအား ရေရှည်တွင် ထိန်းသိမ်းရမည့်လုပ်ငန်းများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်က အမှန်တကယ်အားထားရမည့် နည်းပညာစွမ်းရည်များပြည့်ဝသည့် လူငယ်အင်ဂျင်နီယာကောင်းများဖြစ်စေရေး ရည်မှန်းချက်ချမှတ် ကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၂၀**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (West Yangon Technological University- WYTU) ရောက်ရှိပြီး ပါမောက္ခချုပ်နှင့်အတူ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး မှာကြားချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရန် ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ပင်မသုံးထပ်ဆောင်သစ်၌ အင်ဂျင်နီယာဘာသာရပ်အလိုက် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နိုင်ငံတော်က အမှန်တကယ်အားထားရမည့် နည်းပညာစွမ်းရည်များပြည့်ဝသည့် လူငယ်အင်ဂျင်နီယာကောင်းများဖြစ်စေရေး ရည်မှန်းချက်ချမှတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ AI အပါအဝင် ထွန်းသစ်စနည်းပညာ အရွေ့နှုန်းတို့နှင့်အမီ လိုက်ပါနိုင်ရေး လေ့လာဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကာ ကျောင်းသားအိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့သည်။

ဒီဇင်ဘာ ၁၇ ရက်ကလည်း ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ရွာမ)တို့၌ အင်ဂျင်နီယာဘာသာရပ်အလိုက် လေ့လာသင်ယူလျက်ရှိကြသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံပြီး နိုင်ငံတော်ကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုအပြင် ကျင့်ဝတ်၊ စည်းကမ်းများကို လေးစားလိုက်နာမှု၊ ဗလငါးတန်နှင့် ပြည့်စုံမှုတို့ရှိအောင် ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး တင်ပြမှုများကို ပေါင်းစပ် ဖြည့်ဆည်းပေးကာ Agro-based Industries များ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသော နည်းပညာရှင်လိုအပ်ချက်ကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားကာ ကျောင်းစာကြည့်တိုက်များအတွက် သုတနှင့် ရသစာအုပ်များကို ပေးအပ်လှူဒါန်း၍ ကျောင်းဥပမိရပ် ကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည် စစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နှင့် သီပေါမြို့တို့မှ ပြည်သူများအား အနုပညာရှင်များ ဆက်လက်ဖျော်ဖြေတင်ဆက်

**ကျောက်မဲ ဒီဇင်ဘာ ၂၀**

ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရုပ်ရှင်၊ ဂီတအနုပညာရှင်များနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲမြို့နှင့် သီပေါမြို့နယ်တို့မှ ပြည်သူများအား ယနေ့တွင် ဆက်လက်ဖျော်ဖြေတင်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ကျောက်မဲမြို့မှ ထွက်ခွာပြီး သီပေါမြို့သို့ ရောက်ရှိကြရာ မြို့အဝင်မုခ်ဦး၌ ပြည်သူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး အနုပညာရှင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

ထို့နောက် သီပေါမြို့ မြို့တော်ခန်းမ၌ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးတွေ့ဆုံပွဲကို ကျင်းပရာ " ရွှေ့သို့ချီမည် ပန်းတိုင်ဆီ" video clip ကို ဦးစွာ ဖွင့်လှစ်ပြသသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများနှင့်အတူ ကိုယ်ချင်းစာနားလည်မှုရှိပြီး အေးအတူပူအမျှ သတိတရရှိနေပါကြောင်း၊ ယခုအခါ ရှမ်းမြောက်ဒေသ သီပေါမြို့မှာလည်း ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါကြောင်း၊ သီပေါမြို့နယ်တွင်လည်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မကြာမီဆက်လက်ကျင်းပမည်ဖြစ်ရာ သီပေါမြို့နယ်၏ ပိုမိုကောင်းမွန်သည့် အနာဂတ်ရရှိနိုင်ရန်အတွက် နယ်မြေဒေသ ကောင်းကျိုးဖော်ဆောင်ပေးနိုင်မည့် စိတ်တူကိုယ်တူ ဖြစ်နိုင်သူများကို ရွေးချယ်ပြီး ဆန္ဒပြုမဲပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



ယင်းနောက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အေးမင်းဦးက ရှမ်းမြောက်ဒေသရှိ မြို့နယ်များ ပြန်လည်ထိန်းချုပ်နိုင်မှုနှင့် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်မှုအခြေအနေနှင့် ပြည်သူများအနေဖြင့်လည်း ဆက်လက်ပြီး အားတက်သရော ပူးပေါင်းပါဝင်လိုက်ပါဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများ အပန်းပြေပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိစေရန် လာရောက်ဖျော်ဖြေပေးကြသည့် အနုပညာရှင်များအား ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သီပေါမြို့အတွက် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့်အတူ MRTV DTH စလောင်းနှင့် ဆက်စပ်ပစ္စည်း အစုံ ၃၀၊ MRTV DVB – T2 Set Top Box အစုံ ၂၀ တို့အား ပေးအပ်လှူဒါန်းရာ သီပေါမြို့နယ် အုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်ကို ဆောင်ရွက်ရာ ရုပ်ရှင်သရုပ်ဆောင် ဆုပန်ထွာ၊ ပွင့်ဆောင်းယွန်းစံ၊ စည်သူဝင်း၊သရုပ်ဆောင်/ တေးသံရှင် သံသာမိုးသိမ့်၊ တေးသံရှင် စစ်သွေး၊ ထက်အဥ္စလီ၊ ပိုးဖြူဖြူ၊ နွေဦးသခင်နှင့် MRTV မှ တေးသံရှင် တျားရအောင်၊ စောဒယ်နီရယ်၊ စောရက်စတာ၊ ဝမ်းကေဇင်၊ ဖူးကေရီဆောင်း၊ မြတ်ဆုချယ်၊ အင်ကြင်းနိုင်ဦး၊ မေသူမျိုး၊ လဝန်းမေ၊ ခတ္တာတို့က သီဆိုဖျော်ဖြေကြပြီး **(အပေါ်ပုံ)** ဒေသခံပြည်သူများကလည်း ပါဝင်သီဆိုကခုန်မှုကို ပျော်ရွှင်စွာ အားပေးကြသည်။

ဖျော်ဖြေပွဲအပြီးတွင် ရှမ်းမြောက်ဒေသသို့ လာရောက်ဖျော်ဖြေပေးကြသော အနုပညာရှင်များအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် နယ်မြေခံတပ်တို့မှ မိသားစုများ၊ ကျောက်မဲခရိုင်နှင့် သီပေါမြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့မှ ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီး ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အနုပညာရှင်များသည် သီပေါမြို့မဈေးနှင့် ကျောက်မဲမြို့မဈေးများသို့ သွားရောက်ကြပြီး ဈေးရောင်း/ဈေးဝယ်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ရာ ပြည်သူချစ်သော အနုပညာရှင်များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သီပေါမြို့နယ် ဘော်ကြိုကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုမုဋ္ဌောစေတီတော်သို့ ဝင်ရောက်ဖူးမြော်ကြပြီး ဘုရားကြီးအတွက် နဝကမ္မအလှူငွေများ စုပေါင်းလှူဒါန်းကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ၌ ကျောက်မဲတပ်နယ်ရှိ တပ်မတော်သားများ၊ ကျောက်မဲခရိုင်မှ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုများအား ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေမှုမစတင်မီ ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ကျောက်မဲတပ်နယ်အတွက် ဘုရားဆင်းတုတော်များနှင့် MRTV DTH စလောင်းအစုံ ၃၀ နှင့် MRTV DVB – T2 Set Top Box အစုံ ၂၀ တို့ကို ဦးစွာပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရှေ့တန်းရောက် တပ်မတော်သားများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ခေါက်ဆွဲခြောက်၊ ငါးခြောက်ကြော်၊ ငံပြာရည်ချက်၊ လက်ဖက်အကြော်စုံနှင့် ကော်ဖီထုပ်များ အပါအဝင် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ကျောက်မဲ၊ သီပေါနှင့် နောင်ချိုမြို့နယ်များတွင် လှည့်လည်ဖျော်ဖြေခဲ့ကြသော အနုပညာရှင်များအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ နယ်မြေခံတပ်နယ်၊ ကျောက်မဲခရိုင်နှင့် မြို့နယ်များမှ ဂုဏ်ပြုချီးမြှင့်ငွေများအား တာဝန်ရှိသူများက အသီးသီးပေးအပ်ကြရာ အနုပညာရှင်များက လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံကျော်အနုပညာရှင်များနှင့် MRTV မှ အဆိုရှင်များက ဖျော်ဖြေတင်ဆက်ကြရာ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်းအင်အားနှစ်ထောင်ခန့် တက်ရောက်၍ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဒီဇင်ဘာလူထုအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော် ပျဉ်းမနားမြို့၌ ဒီဇင်ဘာ လူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပေါင်းလောင်း အားကစားကွင်းရှေ့၌ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာပေါင်းလောင်းအားကစားကွင်းမှ ရန်ကုန်–မန္တလေး ပြည်ထောင်စုလမ်းမကြီးအတိုင်း နှင်းဆီဝိုင်းအထိ တပျော်တပါး စုပေါင်း လမ်းလျှောက်ကြပြီး ပေါင်းလောင်း အားကစားကွင်း စုရပ်၌ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများနှင့် Physical Fitness Dance များကို အတူတကွ စုပေါင်းဆောင်ရွက်ကြသည်။

ဒီဇင်ဘာလ တတိယပတ် စုပေါင်း လမ်းလျှောက်ပွဲတွင် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပလျက်ရှိရာ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ လွန်ဆွဲပြိုင်ပွဲနှင့် မီတာ ၁၀၀ အပြေးပြိုင်တို့တွင် တပျော်တပါး ဆင်နွှဲနေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်များတွင်လည်း ဒီဇင်ဘာ လူထုအားကစားလ တတိယပတ်စုပေါင်းလမ်းလျှောက်ပွဲကို ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက တပျော်တပါး ပါဝင်ဆင်နွှဲကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများနှင့် Physical Fitness Dance များကို အတူတကွ စုပေါင်းဆောင်ရွက်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် မဒေ့ါပင်ကျေးရွာ စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ကျင်းပသည့် တောင်သူတွေ့ဆုံပွဲသို့ တက်ရောက်ပြီး စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် တောင်သူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တောင်သူများအား GYPSUM ကျောက်မှုန့်မြေဩဇာ၊ Htoo Pyae Gypsum Fertilizer၊ ရွက်ဖျန်းမြေဩဇာ၊ Morning Star၊ EM ဆေးရည်များ ပေးအပ်သည်။



တွေ့ဆုံပွဲအပြီးတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် မြေပဲရိုး၊ ပြောင်းရိုး၊ နေကြာရိုးများဖြင့် မြေဆွေးပြုလုပ်ထားမှု၊ ကွင်းအမှတ်(၁၈၅၇)ရှိ တောင်သူဦးတင်လေး၏ ဆောင်းမြေပဲ ၁၀ ဧက စိုက်ပျိုးထားရှိမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုကို လည်းကောင်း၊ ကန်လှ – ကန်ဘေး–ကုန်းပေါ်စု–မဒေ့ါပင်–ဂုန်မင်းမြောင်– ထိန်တော–ခြင်ပင်–ဥသျှစ်လှိုင်း ရွာချင်းဆက်လမ်း ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းနှင့် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာ အုပ်စုရှိ ဒို့မြန်မာနွားမွေးမြူရေးခြံ၌ နွားများ မွေးမြူထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စနစ်တကျကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဧယျာမြေ)**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

# နေပြည်တော် ဒီဇင်ဘာလူထုအားကစားလ(တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ အင်အား ၃၆၀၀ ကျော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်း အင်အား ၃၆၀၀ ကျော် ပျော်ပျော်ရွှင်ရွှင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲကြသည်။



ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ခရာမှုတ်၍ တာလွှတ်ပေးရာ ပါဝင်ဆင်နွှဲကြသူများသည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဂိတ်အမှတ်(၁)မှ စတင်တာထွက်ကြပြီး ဝဏ္ဏသိဒ္ဓိအားကစားကွင်း၏ သတ်မှတ်လမ်းကြောင်းများအတိုင်း ဂိတ်(A) ရှေ့အထိ ပျော်ပျော်ပါးပါး လမ်းလျှောက်ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အတွဲ(၁)၊ (၂)နှင့် Physical Fitness Dance Exercises လေ့ကျင့်ခန်းများကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများက သရုပ်ပြသပေး၍ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ကြသူများက တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းလမ်းလျှောက်သူများကို အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရေသန့်ဘူးနှင့် အာဟာရမုန့်များ ပေးဝေကြသည်။

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစား လောကအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်းနှင့် ဒီဇင်ဘာလ၏ လူထုစုပေါင်းလမ်းလျှောက်ပွဲ (စတုတ္ထပတ်)ကို ဒီဇင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များပါ ပါဝင်ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၂၀**

ကိုယ်လက်လှုပ်ရှားအားကစားနှင့် ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းဖြင့် တစ်ဦးတစ်ယောက်ချင်းစီမှသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်လာစေရေး ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကမ္ဘောဇဘဏ် ရှေ့စုရပ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီပညာရေးကောလိပ်၊ သိပ္ပံကျောင်းနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ၊ တောင်ကြီးမြို့ပေါ် ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့သည် စုရပ်ဖြစ်သော ကမ္ဘောဇဘဏ်ရှေ့မှ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမှ ဂနိုင်ကန်လမ်း၊ ဂနိုင်ကန်လမ်းမှ ရုံးကြီးလမ်းအတိုင်း ပြည်နယ်အားကစားကွင်း အတွင်းသို့ ပျော်ရွှင်စွာ စုပေါင်းလမ်းလျှောက်ကြပြီး ပြည်နယ်အားကစားကွင်းအတွင်း၌ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲ (၁)နှင့် အတွဲ(၂)တို့ကို စုပေါင်းဆောင်ရွက်ကြသည်။



လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား ကံစမ်းမဲဆုများ မဲဖောက်ပေးကြပြီး ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးချုပ် ဖလားဖိတ်ခေါ်အမျိုးသား၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က အလှူရှင်များ၊ ရှမ်းပြည်နယ် ကြက်တောင်ဆပ်ကော်မတီ အတွင်းရေးမှူးနှင့် ဘင်ခရာတပ်ဖွဲ့၊ ပန်းဖွားအဖွဲ့၊ တောင်ကြီးပညာရေး ဒီဂရီကောလိပ်မှ တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ချီးမြှင့်ငွေကျပ်သိန်း ၃၀ ကို ပြည်နယ်ပညာရေးမှူးရုံး ညွှန်ကြားရေးမှူးအား ပေးအပ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အေးသာယာမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း နှစ်ကျောင်း၊ ရွှေညောင်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း တစ်ကျောင်းတို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများ တားဆီးကာကွယ်ရေးတွင် AI ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများအား တားဆီးကာကွယ်ရေးတွင် AI ၏ အခန်းကဏ္ဍဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲရှိ Learning & Training Center ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများတွင် နည်းပညာပိုင်း အသုံးပြု၍ ငွေကြေးလိမ်လည်မှုဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများကို တိုက်ဖျက်ရေး ကြီးကြပ်ရေးဗဟိုကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများကို အသုံးပြု၍ ငွေကြေးလိမ်လည်မှုများသည် နိုင်ငံအသီးသီး၏ ဘဏ်နှင့် ငွေရေးကြေးရေးကဏ္ဍအား ခြိမ်းခြောက်လျက်ရှိပါကြောင်း။

ယခုကဲ့သို့လူ့စွမ်းအား အရင်းအမြစ်ရှားပါးလာသည့် ခေတ်တွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးဆိုင်ရာ ရာဇဝတ်မှုများကို နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်များကိုအသုံးပြု၍ တားဆီးကာကွယ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲကို ဘဏ်နှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများတွင် နည်းပညာပိုင်းဆိုင်ရာနှင့် Infrastructrue ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရှိကြုံတွေ့နေရသည့် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်သင့်





သည့်အချက်များအား ဆွေးနွေးနိုင်ရန်၊ ဉာဏ်ရည်တု AI နည်းပညာကို ငွေရေးကြေးရေးကဏ္ဍတွင် အကျိုးရှိစွာ ပေါင်းစပ်အသုံးပြုပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အန္တရာယ်များကို ထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ကျင်းပရခြင်း ဖြစ်ပါကြောင်း၊ ဉာဏ်ရည်တု AI နည်းပညာစနစ်ဖြင့် အချက်အလက်များအား ခွဲခြမ်းစိတ်ဖြာခြင်း၊ ရာဇဝတ်မှုများအား တိကျစွာ ထောက်လှမ်းခြင်း၊ ကြိုတင်ကာကွယ် တားဆီးခြင်း၊ စောင့်ကြည့်ခြင်း၊ စစ်ဆေးဖော်ထုတ် အရေးယူခြင်းများအား နည်းပညာ အသုံးပြု၍ ဘဏ္ဍာရေးကဏ္ဍတွင် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြား လိုပါကြောင်း အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် Huawei မှ တာဝန်ရှိသူများက AI နည်းပညာဖြင့် စောင့်ကြည့်ခြင်း၊ ကာကွယ်ခြင်းများအား နိုင်ငံတကာဘဏ်လုပ်ငန်းကဏ္ဍများအတွက် ပံ့ပိုးဆောင်ရွက်နေမှုများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက မိမိတို့သက်ဆိုင်ရာ နယ်ပယ်အလိုက် သိရှိလိုသည်များအား ပြန်လည်မေးမြန်းကြသည်။

ဆွေးနွေးပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ မိုဘိုင်းငွေရေးကြေးရေး လုပ်ငန်းများကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးနိုင်ရေးနှင့် အရေးယူမှု မြန်ဆန်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်လျက်ရှိသည့် တရားမဝင် ငွေရေးကြေးရေး လုပ်ငန်းများအား စုံစမ်းဖော်ထုတ်တားဆီးအရေးယူမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများနှင့် လက်အောက်ခံဘဏ်များ၊ မိုဘိုင်းငွေကြေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၊ ရောင်းချသူကိုယ်စား ငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ နည်းပညာကျွမ်းကျင်သူများနှင့် Huawei နှင့် မိတ်ဖက်ကုမ္ပဏီဖြစ်သော TrustDecision မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

**သတင်းစဉ်**

# ဒေသတွင်းစာရင်းအင်းဖွံ့ဖြိုးမှုအတွက် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ်

*သန်းဇော် (ဗဟိုစာရင်းအင်းအဖွဲ့)*

အာဆီယံစာရင်းအင်းရုံးအကြီးအမှူးများအစည်းအဝေး (The ASEAN Heads of Statistical Offices Meeting – AHSOM) ကို ၁၉၉၇ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်အစည်းအဝေးတွင် ASEAN ဒေသတွင်း စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအဆင့်ကို သတ်မှတ်ပြီး အာဆီယံစာရင်းအင်းဆိုင်ရာ ဒေတာဘေ့စ် (database) ထူထောင်ရန်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် စာရင်းအင်းယူနစ်တစ်ခု ဖွဲ့စည်းရန် သဘောတူညီခဲ့ပါသည်။ ထိုအချိန်မှစ၍ အာဆီယံစာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြပြီး ၂၀၀၁ ခုနှစ်တွင် ရည်မှန်းချက်များနှင့် ပူးပေါင်းဆောင်ရွက်မည့်နယ်ပယ်များ ပါဝင်သည့် အာဆီယံစာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်ကို အတည်ပြုခဲ့ကြသည်။

**နောက်ခံသမိုင်းကြောင်း**

၂၀၀၇ ခုနှစ်တွင် အာဆီယံပဋိညာဉ်စာတမ်းကို လက်ခံကျင့်သုံးခဲ့ပြီး နိုင်ငံနှင့်ဒေသဆိုင်ရာ စာရင်းအင်းများကို ဖော်ပြရာတွင် နယ်ပယ်တိုးချဲ့ ဖော်ပြပေးရန် တောင်းဆိုခဲ့ကြပါသည်။ ၂၀၁၀ ပြည့်နှစ်တွင် AHSOM က ပိုမိုကောင်းမွန်သော အာဆီယံ စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင် (ASEAN Framework of Cooperation in Statistics – AFCS 2010–2015)ကို ချမှတ်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးတွင် အသိအမှတ်ပြုခဲ့ပါသည်။ AFCS ၏ ရည်မှန်းချက်မှာ အာဆီယံ၏ စာရင်းအင်းဆိုင်ရာ စွမ်းရည်တည်ဆောက်နိုင်ရန်နှင့် အာဆီယံအသိုက်အဝန်းစာရင်းအင်းစနစ် (ASEAN Community Statistical System – ACSS)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။ မူဘောင်အရ ၂၀၁၁ ခုနှစ်တွင် ACSS ကော်မတီကို ဖွဲ့စည်းခဲ့ပြီး အစည်းအဝေးများ ကျင်းပခဲ့ရာ ၂၀၂၅ ခုနှစ်၏ (၁၅) ကြိမ်မြောက် အာဆီယံအသိုက်အဝန်း စာရင်းအင်းစနစ် (ACSS–15) အစည်းအဝေးကို နိုဝင်ဘာလ ပထမပတ်တွင် ကျင်းပခဲ့ပါသည်။

**ACSS ကော်မတီ ဖွဲ့စည်းမှု**

ACSS ကော်မတီကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားစာရင်းအင်းရုံး၊ စာရင်းအင်းအကြီးအမှူးများဖြင့် ဖွဲ့စည်းပြီး အဖွဲ့ဝင်တိုင်းသည် ၎င်းတို့နိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ်ကို ကိုယ်စားပြုပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံး (ASEAN–stats) ၏ အကြီးအမှူးသည်လည်း ကော်မတီအဖွဲ့ဝင်ဖြစ်ပါသည်။ ACSS ကော်မတီ၏ ဥက္ကဋ္ဌတာဝန်သည် တစ်နှစ်သက်တမ်းဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များက အလှည့်ကျဆောင်ရွက်ရပါသည်။ ဥက္ကဋ္ဌသက်တမ်း တစ်နှစ်လျှင် တစ်ကြိမ် အစည်းအဝေး ကျင်းပပေးရသည်။ အရေးကြီးကိစ္စများရှိပါက ကော်မတီ၏ အထူးအစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။ ACSS ကော်မတီသည် လက်ရှိဥက္ကဋ္ဌ၊ ယခင်နှစ်ဥက္ကဋ္ဌနှင့် လာမည့်နှစ်ဆက်ခံမည့်ဥက္ကဋ္ဌတို့ ပါဝင်သည့် ဗျူရိုကို ဖွဲ့စည်းရသည်။ ACSS ကော်မတီသည် လိုအပ်ပါက အာဆီယံစာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်ပါသည်။

နိုင်ငံအဆင့်(National Level) နှင့် ဒေသအဆင့် (Regional Level) တွင် သတ်မှတ်ထားသည့် Annual Work Plan (AWP) များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ACSS ကော်မတီကို အထောက်အကူပြုနိုင်ရန်အတွက် The ACSS Sub – Committee on Planning and Coordination (ACSS–SCPC) Focal နှင့် လုပ်ငန်းအဖွဲ့ ခြောက်ဖွဲ့ဖြစ်သည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု စာရင်းအင်းလုပ်ငန်းအဖွဲ့ (Working Group on International Investment Statistics – WGIIS)၊ အမျိုးသားစာရင်းစနစ်လုပ်ငန်းအဖွဲ့ (Working Group on System National Account – WGSNA)၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ အညွှန်းကိန်းလုပ်ငန်းအဖွဲ့ (Working Group on Sustainable Development Goal Indicator – WGSDGI)၊ နိုင်ငံတကာကုန်စည်ကုန်သွယ်မှု စာရင်းအင်းလုပ်ငန်းအဖွဲ့ (Working Group on International Merchandise Trade Statistics – WGIMTS)၊ နိုင်ငံတကာဝန်ဆောင်မှုကုန်သွယ်မှုစာရင်းအင်းလုပ်ငန်းအဖွဲ့ (Working Group on Statistics of International Trade in Services – WGSITS)၊ အာဆီယံစာရင်းအင်းအချက်အလက် မျှဝေခြင်း၊ သုံးသပ်ခြင်း၊ ဖြန့်ဝေခြင်းနှင့် ဆက်သွယ်ခြင်းလုပ်ငန်းအဖွဲ့ (Working Group on Data Sharing, Analysis, Dissemination and Communication of ASEAN Statistics – WGDSA) တို့ ဖွဲ့စည်း၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

> **❑ မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ACSS ကော်မတီအစည်းအဝေးများ တက်ရောက်ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူချမှတ်ထားသည့် လုပ်ငန်းစဉ်များကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**
>
> **❑ မြန်မာနိုင်ငံ၏ ကျင့်သုံးနေသော ဗဟိုချုပ်ကိုင်မှုလျော့ချသော စာရင်းအင်းစနစ်အရ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ဌာန၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်မှုဖြင့်သာ စာရင်းအင်းအချက်အလက်များ တိုးတက်ဖွံ့ဖြိုးနိုင်ပြီး အခြားအာဆီယံနိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်နိုင်မည်**

**ACSS ကော်မတီ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ**

ACSS ကော်မတီကို အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စာရင်းအင်းဆိုင်ရာ အကြီးအမှူးများဖြင့် ဖွဲ့စည်းထားပြီး အာဆီယံဒေသတွင်း စာရင်းအင်းဆိုင်ရာ ကိစ္စရပ်များအတွက် မူဝါဒချမှတ်ရေးနှင့် ညှိနှိုင်းရေးအဖွဲ့လည်းဖြစ်ပါသည်။ ACSS ကော်မတီသည် အာဆီယံ အသိုက်အဝန်းကို ပံ့ပိုးပေးမည့် ဒေသတွင်း စာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် အာဆီယံစာရင်းအင်းများ ထုတ်လုပ်ခြင်းနှင့် ထုတ်ပြန်ခြင်းတို့တွင် ဆက်သွယ်ဆောင်ရွက်မှု အားကောင်းစေရန် တာဝန်ရှိပါသည်။

ACSS ကော်မတီ၏ အဓိက လုပ်ငန်းတာဝန်များမှာ–

- AFCS ကို အခြေခံ၍ ဒေသတွင်းစာရင်းအင်းဆိုင်ရာ မူဝါဒများ၊ စံနှုန်းများနှင့်စနစ်များမှတစ်ဆင့် အာဆီယံစာရင်းအင်းများကို အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးရန်၊
- နိုင်ငံအဆင့်တွင် စာရင်းအင်းဆိုင်ရာ အခြေခံအဆောက်အအုံများ မြှင့်တင်ရန်နှင့်လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်တည်ဆောက်ရေးတို့ကို မြှင့်တင်ရန်၊
- ACSS ၏ စာရင်းအင်းဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်လျော်သော ယန္တရားများကို ထူထောင်ခြင်းဖြင့် စာရင်းအင်းစနစ်ကို မြှင့်တင်ရန်၊
- အာဆီယံစာရင်းအင်းများ သဟဇာတဖြစ်မှုနှင့် တိုးတက်မှုတို့ကို ဦးတည်သော စာရင်းအင်းဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအတွက် မူဝါဒ ချမှတ်ရန်၊
- အာဆီယံ၏ စာရင်းအင်းဆိုင်ရာ စီမံကိန်းများ၊ အစီအစဉ်များနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်သည့် တိုးတက်မှုက စောင့်ကြည့်အကဲဖြတ်ရန်၊
- ACSS၏စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို ပိုမိုဆောင်ရွက်နိုင်ရန် အခြားသော နိုင်ငံတကာစာရင်းအင်းအဖွဲ့များနှင့် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်တို့ ဖြစ်ပါသည်။

ACSS ကော်မတီသည် အာဆီယံစာရင်းအင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်ဖြင့် လမ်းညွှန်ထားသည့် စာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရန်လည်း တာဝန်ရှိသည်။ ထို့အပြင် အမျိုးသားစာရင်းအင်းစနစ်များ၏ တိုးတက်မှုနှင့် အာဆီယံနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုအပေါ် မူတည်ပြီး ယင်းအဖွဲ့အစည်းများနှင့် ကောင်းမွန်သော ဆက်ဆံရေးကို အထောက်အကူပြုစေရန် အောက်ပါတို့ကိုလည်း ဆောင်ရွက်ရပါသည်–

- ACSS ထူထောင်ရေးနှင့် အာဆီယံစာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မဟာဗျူဟာစီမံချက်တွင် အဆိုပြုထားသော ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
- အာဆီယံစာရင်းအင်းဆိုင်ရာ နှစ်စဉ်လုပ်ငန်းစီမံချက် (Annual Work Plan)ကို ဆောင်ရွက်ခြင်း၊
- စာရင်းအင်းဆိုင်ရာ လျှို့ဝှက်ကိစ္စများကို ထိန်းသိမ်းခြင်း၊
- အာဆီယံအသိုက်အဝန်းမဏ္ဍိုင် သုံးရပ်အောက်ရှိ အာဆီယံအဖွဲ့/လုပ်ငန်းအဖွဲ့များ ချမှတ်ဆောင်ရွက်သည့် အာဆီယံစာရင်းအင်းများ ထုတ်လုပ်ခြင်း၊ ထုတ်ပြန်ခြင်းနှင့် ဆက်သွယ်ခြင်းတို့ အောင်မြင်မှုရရှိရန်အတွက် သက်သာသောကုန်ကျစရိတ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း၊
- စာရင်းအင်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် ဥက္ကဋ္ဌ သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံ(AMS) တစ်ခုခုမှ တောင်းဆိုချက်အရ ပေါ်ပေါက်လာသော နည်းစနစ်ဆိုင်ရာ ပြဿနာများအား ဖြေရှင်းဆောင်ရွက်ခြင်း။

**လုပ်ငန်းစီမံချက်ရေးဆွဲခြင်း**

ACSS ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် ကာလရှည်လုပ်ငန်းစီမံချက်တို့ ရေးဆွဲဆောင်ရွက်ရပါသည်။ ၎င်းစီမံချက်များကို ASEANstats မှ ရေးဆွဲပြီး ACSS ကော်မတီသို့ တင်ပြ၍ ဆွေးနွေးပြီး အတည်ပြုရပါသည်။ စီမံချက်များသည် အာဆီယံစာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့နိုင်မှုအတွက် ကျယ်ပြန့်သောမူဘောင်ကို အခြေခံရသည်။ ကော်မတီအစည်းအဝေးများ၏ အစီအစဉ်သည် နှစ်စဉ်လုပ်ငန်းစီမံချက်တွင် ဖော်ပြထားသော အကြောင်းအရာများကို ထင်ဟပ်စေရသည်။ ကော်မတီ၏ အဓိကလုပ်ဆောင်ချက်မှာ အစီအစဉ်များ ချမှတ်ရန်နှင့် တင်ပြထားသည့် ရလဒ်များကို အကဲဖြတ်ရန်ဖြစ်ပါသည်။

ACSS ကော်မတီ၏ နောက်ထပ်တာဝန်မှာ ACSS ထူထောင်ရေးနှင့် အာဆီယံစာရင်းအင်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ရာတွင် ACSS ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရေး ပြင်ပအရင်းအမြစ်များ အပါအဝင် အရင်းအမြစ်များ တိုးမြှင့်လာစေရေး မူဝါဒကို အကောင်အထည်ဖော်ရန်ဖြစ်ပြီး စီမံချက်သည် အဖွဲ့အစည်းဆိုင်ရာ မူဘောင်အားကောင်းစေခြင်း (Strengthening Institutional Framework)၊ အာဆီယံ စာရင်းအင်းဆိုင်ရာ အားကောင်းစေခြင်း (Strengthening ASEAN statistics)နှင့် ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို ကျဉ်းမြောင်းစေခြင်း (Narrowing the Development Gap) တို့အပေါ် လွှမ်းခြုံမှုရှိစေရန် ရေးဆွဲရပါသည်။

**စောင့်ကြည့်စစ်ဆေးခြင်း**

ACSS ကော်မတီသည် နိုင်ငံအဆင့်နှင့် ဒေသအဆင့် နှစ်ခုလုံးတွင် အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရသည်။ နိုင်ငံအဆင့်တွင် စောင့်ကြည့်စစ်ဆေးသည့်စနစ်များ (ဥပမာ–တိုးတက်မှုအကဲဖြတ်ခြင်းအတွက် အမှတ်စာရင်းများ (Scorecards) ဖြင့် တိုင်းတာပါသည်။ ဒေသဆိုင်ရာအဆင့်တွင် နှစ်စဉ်အစီအစဉ်များကို အမှတ်စာရင်းများ (Scorecards) ဖြင့် သို့မဟုတ် ACSS ကော်မတီမှ ချမှတ်ထားသည့် အခြား စောင့်ကြည့်မှုနည်းလမ်းများဖြင့် စောင့်ကြည့်စစ်ဆေးပါသည်။ အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်မှုကွာဟချက်ကို သင့်လျော်သော အညွှန်းကိန်းများ ချမှတ်၍ စောင့်ကြည့်အကဲဖြတ်လျက်ရှိပါသည်။

**အစီရင်ခံတင်ပြခြင်း**

ACSS ကော်မတီသည် ၎င်း၏ အစီအစဉ်များ၊ တိုးတက်မှုနှင့် ပြဿနာများကို အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေး (SEOM) မှတစ်ဆင့် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး (AEM)သို့ အစီရင်ခံတင်ပြရပါသည်။ ACSSကော်မတီသည် အခြားသော မဏ္ဍိုင်အောက်ရှိ အာဆီယံအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး တိကျသောအချက်အလက်များရလဒ်ကို AEM သို့ အစီရင်ခံတင်ပြခြင်း ဖြစ်ပါသည်။

*စာမျက်နှာ ၁၃ သို့*

# မဲခေါင်-ဂင်္ဂါ စီမံချက်အရ အမျိုးသမီးကလေးများသင်တန်းကျောင်း မန္တလေး၌ သင်တန်းသူအိပ်ဆောင် တစ်ထပ်ဆောင် လွှဲပြောင်းခြင်းအခမ်းအနားကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၀**

မဲခေါင်-ဂင်္ဂါစီမံချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကလေးများသင်တန်းကျောင်း မန္တလေး၌ အိန္ဒိယနိုင်ငံအစိုးရမှ လှူဒါန်းသည့် သင်တန်းသူအိပ်ဆောင် တစ်ထပ်ဆောင် လွှဲပြောင်းခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းအား နံ့သာရည်များဖြင့်ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးလူငယ်သင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသားများကို ကျွေးမွေးစောင့်ရှောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သက်မွေးပညာများ သင်ကြားလေ့ကျင့်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ သင်တန်းကျောင်းရှိ ဝန်ထမ်းများ၊ ကျောင်းသားများနှင့် တွေ့ဆုံကာ ကျောင်းသို့ရောက်ရှိနေစဉ်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရေး၊ သက်မွေးပညာများ သင်ကြားလေ့ကျင့်နိုင်စေရေး၊ သင်တန်းကျောင်းအတွင်း သီးပင်စားပင်များ စိုက်ပျိုးနိုင်စေရေးနှင့် ကျောင်းသားများအနေဖြင့် ရပ်ရွာအသိုင်းအဝိုင်းအတွင်း ကောင်းမွန်စွာ ပြန်လည်ဝင်ဆံ့၍ နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းကို အကျိုးပြုသည့် လူသားစွမ်းအားစုများ ဖြစ်ပေါ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# လွိုင်ကော်မြို့၌ ဒီဇင်ဘာလူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**လွိုင်ကော် ဒီဇင်ဘာ ၂၀**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ ဒီဇင်ဘာလူထုအားကစားလ (တတိယပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ စုရပ်ပြုလုပ်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်/ ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ဆင်နွှဲကြသည်။

လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲသူ အားလုံးသည် ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်မှ စတင်ထွက်ခွာပြီး မြို့လယ်နာရီစင်မှ ကန္တရဝတီလမ်းမကြီးတစ်လျှောက် ဘီလူးချောင်းတံတား(ရှမ်းပိုင်း)၊ ရှုခင်းသာပန်းခြံမှ လောပိတလမ်းမကြီး တစ်လျှောက် ဒေါ်နိုးကူးတံတားကိုဖြတ်သန်း၍ ကန္တာဟောဝန်ပန်းခြံ ကျောက်သားရင်ပြင်၌ ပြန်လည်စုစည်းကြသည်။ ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ဝန်ထမ်းများက ကိုယ်လက်လှုပ်ရှားမှု သွေးပူလေ့ကျင့်ခန်း အတွဲ(၁) ၊ အတွဲ(၂)နှင့် Fitness Dance အဖွဲ့များ၏ သရုပ်ပြသမှုများကို ပါဝင်ဆင်နွှဲသူအားလုံးက အတူတကွ လိုက်ပါဆောင်ရွက်ကြပြီး ပြည်နယ်အစိုးရအဖွဲ့က လူထုလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူအားလုံးကို နံနက်စာမုန့်များ ကျွေးမွေးသည်။

လူထု လမ်းလျှောက်ပွဲအား ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်/ ကျေးရွာအသီးသီးမှ ဒေသခံတိုင်းရင်းသားပြည်သူ အင်အား ၂၅၀၀ ကျော်တို့က ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး ဒီဇင်ဘာအားကစားလ(တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၂၀**

ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ သင်တန်းသားသင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှေ့မှ စတင်၍ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ဟံသာဝတီယူနိုက်တက်ဘောလုံးကွင်းအတွင်း၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအတွဲ (၁)နှင့် အတွဲ(၂)တို့ကို ပြုလုပ်ကြသည်။

ထို့နောက် ဌာနဆိုင်ရာလွန်ဆွဲပြိုင်ပွဲ၊ အပျော်တမ်းဘောလုံးဂိုးကျဉ်းသွင်းပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲနှင့် ဘတ်စကက်ဘောပြိုင်ပွဲ၊ အပ်ချည်ထိုးပြိုင်ပွဲ၊ ပင်ပေါင်ပြိုင်ပွဲတို့အား ကြည့်ရှုအားပေးကြပြီး လမ်းလျှောက်ပွဲပါဝင်ဆင်နွှဲကြသူများကို ကံစမ်းမဲဖောက်ပေးကာ လွန်ဆွဲပြိုင်ပွဲအတွက် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ ဒီဇင်ဘာအားကစားလ (တတိယပတ်) လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ စုစုပေါင်း လူဦးရေ ၁၅၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြပြီး ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစုများက ကောက်ညှင်းပေါင်း၊ အကြော်တို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




*စာမျက်နှာ ၁၂ မှ*

**၂၀၂၅ ခုနှစ် ဦးစားပေးလုပ်ငန်းနှင့်**
**၂၀၂၆ ခုနှစ် ဦးစားပေးလုပ်ငန်းများ**

၂၀၂၅ ခုနှစ် မလေးရှားနိုင်ငံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ချိန်တွင် ACSS ကော်မတီ၏ ဦးစားပေးလုပ်ငန်းများအဖြစ် (က) အာဆီယံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်ဆိုင်ရာညွှန်ကိန်းများ တိုးတက်မှုအစီရင်ခံစာ ၂၀၂၅ ထုတ်ပြန်ခြင်း၊ (ခ) နိုင်ငံအဆင့်နှင့်ဒေသအဆင့်တွင် အရေးကြီးသော စာရင်းအင်းများအကြောင်း အသိပညာမြှင့်တင်ခြင်း၊ (ဂ) အာဆီယံစာရင်းအင်းဆိုင်ရာ Virtual Academy အတွက် Proof of Concept (POC) ရေးဆွဲခြင်းနှင့် (ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် ဒေတာအုပ်ချုပ်မှုမူဘောင်ဆိုင်ရာ Concept Note ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည်ဖြစ်ပြီး ACSS ဦးစားပေးလုပ်ငန်းအဖြစ် (က) အာဆီယံ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များဆိုင်ရာ စာရင်းအင်းဖိုရမ် (၂၀၂၆ ခုနှစ်) (AFSDGS) ကျင်းပရန်၊ (ခ) အကြောင်းအရာအလိုက် လုပ်ငန်းဆောင်ရွက်မှု Concept Note ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်၊ (ဂ) ACSS Virtual Academy ကို စမ်းသပ်အကောင်အထည်ဖော်ရန်နှင့် (ဃ) Big Data ဆိုင်ရာ Focus Group ၏ Term of Reference (ToR) ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရန် ACSS 15 အစည်းအဝေးတွင် အတည်ပြုကြပါသည်။

**မြန်မာနိုင်ငံ၏ လိုက်ပါဆောင်ရွက်မှု**

မြန်မာနိုင်ငံသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ACSS ကော်မတီ အစည်းအဝေးများ တက်ရောက်ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံအားလုံးက သဘောတူချမှတ်ထားသည့် လုပ်ငန်းစဉ်များကို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ ကျင့်သုံးနေသော ဗဟိုချုပ်ကိုင်မှု လျှော့ချသော စာရင်းအင်းစနစ်အရ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေသော ဌာန၊ အဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်မှုဖြင့်သာ စာရင်းအင်းအချက်အလက်များ တိုးတက်ဖွံ့ဖြိုးနိုင်ပြီး အခြားအာဆီယံနိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

References;

- The ACSS Committee's Term of Reference.
- ASEAN Framework of Cooperation in Statistics (2010–2015).
- ACSS Strategic Plan 2016–2025.

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# မုန်တိုင်းဒဏ်သင့် သီရိလင်္ကာအတွက် အိုင်အမ်အက်ဖ်က ပံ့ပိုးငွေ အမေရိကန်ဒေါ်လာ ၂၀၆ သန်းပေးအပ်ရန် အတည်ပြု

ကိုလံဘို ဒီဇင်ဘာ ၂၀

**အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ အမှုဆောင်ဘုတ်အဖွဲ့သည် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါဒဏ်သင့် အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် ကူညီနိုင်ရန်အတွက် သီရိလင်္ကာနိုင်ငံသို့ အရေးပေါ်ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၀၆ သန်း ထောက်ပံ့မည့်အစီအစဉ်ကို ဒီဇင်ဘာ ၁၉ ရက်တွင် အတည်ပြုလိုက်ကြောင်း သတင်းထုတ်ပြန်သည်။**



သီရိလင်္ကာနိုင်ငံ နာဝါလာပီတီယာမြို့တွင် ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်ပြီးနောက် အပျက်အစီးများကို ဒီဇင်ဘာ ၁၁ ရက်က သီရိလင်္ကာတပ်မတော်ကယ်ဆယ်ရေးသမားများ ကူညီဖယ်ရှားနေစဉ်။

အဆိုပါပံ့ပိုးငွေသည် အရေးပေါ်ငွေကြေးထောက်ပံ့မှုအစီအစဉ်တွင် သီရိလင်္ကာနိုင်ငံ၏ ခွဲတမ်း ၂၆ ရာခိုင်နှုန်းနှင့် ညီမျှကြောင်း၊ အဆိုပါရန်ပုံငွေဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော စီးပွားရေးထိခိုက်မှုများကို ဖြေရှင်းရာတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တည်ငြိမ်မှုရရှိနိုင်စေရန်နှင့် အကူအညီပေးနိုင်ရန် ရည်ရွယ်ကြောင်း အိုင်အမ်အက်ဖ်က ထုတ်ပြန်ထားသည်။

သီရိလင်္ကာတွင် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူသားချင်းစာနာထောက်ထားမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အရေးပေါ်လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ ဘဏ္ဍာရေးအပေါ် ဖိအားများ သက်ရောက်စေခဲ့ကြောင်း၊ ယခုပေးအပ်သော အရေးပေါ်ဘဏ္ဍာရေးအထောက်အပံ့သည် အဆိုပါ ဖိအားများကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့် ယာယီဥက္ကဋ္ဌ ကန်ဂျီအိုကာမူရာက ပြောကြားသည်။

သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ရချိန်တွင် သီရိလင်္ကာအစိုးရ၏ အလျင်အမြန်တုံ့ပြန်ဆောင်ရွက်မှုများကို ချီးကျူးမှုနှင့်အတူ ခက်ခဲသောအချိန်ကာလအတွင်း အိုင်အမ်အက်ဖ်အနေဖြင့် သီရိလင်္ကာပြည်သူများနှင့်အတူ ရပ်တည်လျက်ရှိကြောင်းနှင့် သီရိလင်္ကာ၏ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း အိုကာမူရာက ပြောကြားသည်။

ဆင်ဟွာ

## ဂါဇာဒေသ၌ ငတ်မွတ်မှုဘေးမှ ကျော်လွန်နိုင်ပြီဖြစ်သော်လည်း စားနပ်ရိက္ခာဖူလုံမှု မရှိသေးဟုဆို

ဂါဇာ ဒီဇင်ဘာ ၂၀

ဂါဇာကမ်းမြောင်ဒေသ၌ အစားအသောက်အခြေအနေမှာ တိုးတက်မှုများရှိလာပြီဟု ကုလသမဂ္ဂ အေဂျင်စီများ ကော်မတီနှင့် အခြားသော အဖွဲ့အစည်းများက ပြောသည်။

မြောက်ပိုင်းရှိ ဂါဇာမြို့ ပတ်ဝန်းကျင်တွင် ငတ်မွတ်မှုဘေးမှ ကျော်လွှားနိုင်ပြီဖြစ်သော်လည်း လူအများအပြားမှာ အစားအစာအတွက် စိုးရိမ်နေရဆဲဖြစ်သည်။



အစားအသောက် ထောက်ပံ့မှုအတွက် တိုးတက်မှုများရှိလာပြီဖြစ်သော်လည်း လူဦးရေ ၁ ဒသမ ၆ သန်း သို့မဟုတ် ဂါဇာကမ်းမြောင်ဒေသ လူဦးရေ၏ လေးပုံသုံးပုံမှာ အစားအစာမလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်ဟု ကော်မတီက ဒီဇင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လူပေါင်း တစ်သိန်းကျော်မှာ အာဟာရမပြည့်ဝမှုနှင့်ကြုံတွေ့နေရသည်ဟုကော်မတီကပြောသည်။ ဩဂုတ်လအတွင်းက ဂါဇာဒေသ၌ ငတ်မွတ်မှုဘေးနှင့် ကြုံတွေ့ရကြောင်းကြေညာခဲ့ပြီး အောက်တိုဘာလတွင် အပစ်အခတ်ရပ်စဲရေးစတင် အသက်ဝင်လာခဲ့သည်။ မိသားစုအများအပြားမှာ အစားအသောက်ဝယ်ယူရန် မတတ်နိုင်ကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အစားအသောက် ပို့ဆောင်မှုများရပ်တန့်သွားပြီး တိုက်ပွဲများ ပြန်လည်ဖြစ်ပွားပါက ဂါဇာကမ်းမြောင်ဒေသတွင် နောက်ထပ် ငတ်မွတ်ခေါင်းပါးမှု ဘေးနှင့် ရင်ဆိုင်ရဖွယ်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ငတ်မွတ်ခေါင်းပါးမှု ဘေးကို ရှောင်ရှားနိုင်ပြီဖြစ်ကြောင်း နေ့စဉ်နှင့်အမျှ လူပေါင်း ၁ ဒသမ ၅ သန်းကျော်အတွက် အစားအသောက်များစီစဉ်ပေးနေကြောင်း၊ ဂါဇာဒေသတစ်လွှား အစားအသောက် ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်နေသည်ဟု ဒီဇင်ဘာ ၁၉ ရက်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ပြောသည်။

အင်န်အိတ်ချ်ကေ

## ဆီးရီးယားရှိ အိုင်အက်စ်များကို ပစ်မှတ်ထား၍ အမေရိကန်က လေကြောင်းတိုက်ခိုက်

ဝါရှင်တန် ဒီဇင်ဘာ ၂၀

ဆီးရီးယားနိုင်ငံတစ်ဝန်း အိုင်အက်စ်တို့နှင့် ဆက်နွှယ်မှုရှိသည့် နေရာများကိုပစ်မှတ်ထား၍ ဒီဇင်ဘာ ၁၉ ရက်တွင် အမေရိကန်က လေကြောင်းမှ တိုက်ခိုက်မှုပြုလုပ်ခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသရှိ နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အမေရိကန်အရပ်သား တစ်ဦးတို့ကို သေဆုံးစေခဲ့သည့် အိုင်အက်စ်တို့၏ တိုက်ခိုက်မှုကို ပြန်လည်လက်တုံ့ပြန်ခြင်းဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး ပီဟက်ဆက်က ပြောသည်။

အိုင်အက်စ်တိုက်ခိုက်ရေးသမားများကို ချေမှုန်းရန်၊ အိုင်အက်စ်တို့၏အခြေခံအဆောက်အအုံများနှင့် လက်နက်သိုလှောင်ရာနေရာများကို ရှင်းလင်းရန် ဆီးရီးယားနိုင်ငံ၌ ဟော့အိုင်းစ်စထရိုက်ခ် စစ်ဆင်ရေးကိုပြုလုပ်ခဲ့သည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးက လူမှုကွန်ရက်မီဒီယာပေါ်တွင် ဖော်ပြခဲ့သည်။ ယခုတိုက်ခိုက်မှုသည် တိုက်ပွဲအစမဟုတ်ဘဲ လက်တုံ့ပြန်ခြင်းအတွက် ကြေညာခြင်းဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။ အမေရိကန်တို့၏ လေကြောင်းတိုက်ခိုက်မှုမှာ ဆီးရီးယားနိုင်ငံ၌ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းအထိ နာရီအနည်းငယ်ကြာမြင့်မည်ဟု မျှော်လင့်ခဲ့ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာတွင် ဖော်ပြထားသည်။

အမေရိကန်တပ်ဖွဲ့သည် ဒီယာအယ်ဇိုး ကျေးလက်ဒေသရှိ ၎င်းတို့၏ အခြေစိုက်စခန်းများမှတစ်ဆင့် ဆီးရီးယားနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းသဲကန္တာရဆီသို့ ဗုံးကျည်နှင့်အမြောက်များ ပစ်လွှတ်ခဲ့ကြောင်း အယ်-သော်ရာသတင်းစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

## အာဖဂန်ဒုက္ခသည် ၂ ဒသမ ၈ သန်းခန့် နေရပ်ပြန်

ကဘူးလ် ဒီဇင်ဘာ ၂၀

၂၀၂၅ ခုနှစ်အတွင်း ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ အာဖဂန်ဒုက္ခသည် ၂ ဒသမ ၈ သန်းခန့် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာ) က ထုတ်ပြန်သည်။

နေရပ်ပြန်အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြောင်းဖော်ပြထားပြီး လူသားချင်းစာနာထောက်ထားမှုနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိန်ခေါ်မှုများ မြင့်တက်လာနေကြောင်း အဆိုပါထုတ်ပြန်ချက်တွင် သတိပေးထားသည်။

နေရပ်ပြန်မိသားစုများ ရောက်ရှိလာချိန်တွင် ယာယီခိုလှုံရာနေရာများ၊ မရှိမဖြစ်လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများအပါအဝင် အရေးပေါ်အကူအညီများ ပေးအပ်နိုင်ရန် အမေရိကန်ဒေါ်လာ ၂၅၈ ဒသမ ၆ သန်း ရရှိရန်လည်း ကြိုးပမ်းနေကြောင်း ယူအင်န်အိတ်ချ်စီအာက ဆိုသည်။

အာဖဂန်ဒုက္ခသည် ခြောက်သန်းခန့်မှာ ပြည်ပနိုင်ငံများတွင် နေထိုင်လျက်ရှိပြီး အများစုမှာ အထောက်အထားမဲ့များဖြစ်ကာ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင် အများဆုံးနေထိုင်နေကြကြောင်း အာဖဂန်ဒုက္ခသည်နှင့် နေရပ်ပြန်များဆိုင်ရာဝန်ကြီးဌာနက ဇူလိုင်လကုန်ပိုင်းက ပြောကြားထားသည်။

ဆင်ဟွာ

## အီသီယိုးပီးယားနိုင်ငံ၌ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးလုပ်ငန်း ပြိုလဲလုနီးအခြေအနေသို့ ရောက်လာဟုဆို

အဒစ္စအဘာဘာ ဒီဇင်ဘာ ၂၀

အီသီယိုးပီးယား ဒုက္ခသည်များနှင့် နေရပ်ပြန်သူများ စောင့်ရှောက်ရေးအဖွဲ့ (ပီအာရ်အက်စ်)၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာ) နှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ) တို့သည် အီသီယိုးပီးယားနိုင်ငံ၏ ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးလုပ်ငန်း ပြိုလဲလုနီးအခြေအနေသို့ ရောက်ရှိနေသောကြောင့် နိုင်ငံအတွင်းရှိ ဒုက္ခသည်များကို ပိုမိုထောက်ပံ့ပေးကြရန် တောင်းဆိုထားသည်။



လိုအပ်နေသော ရန်ပုံငွေများ အမြန်ဆုံး ထောက်ပံ့ပေးနိုင်ခြင်း မရှိပါက အီသီယိုးပီးယားနိုင်ငံရှိ ဒုက္ခသည် ၁ ဒသမ ၁ သန်းကျော်အတွက် အစားအစာ၊ သောက်သုံးရေ၊ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် မရှိမဖြစ်လိုအပ်သော အသက် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များမှာ သီတင်းပတ်အနည်းငယ်အတွင်း ရပ်တန့်သွားဖွယ်ရှိကြောင်း အေဂျင်စီများ၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

အာဖရိကတွင် ဒုက္ခသည်များ ဒုတိယအများဆုံး လက်ခံထားသော အီသီယိုးပီးယားနိုင်ငံတွင် ဆူဒန်နှင့် တောင်ဆူဒန်နိုင်ငံတို့၌ ပဋိပက္ခဖြစ်ပွားမှုများအပြင် ဆိုမာလီယာနိုင်ငံ၌ မိုးခေါင်ရေရှားမှုများကြောင့် ဒုက္ခသည်များ ရောက်ရှိလာမှု တစ်ဟုန်ထိုး တိုးမြင့်လာလျက်ရှိသည်။

ဆင်ဟွာ

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ကန့်ဘလူမြို့ ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ



**မုံရွာ ဒီဇင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကန့်ဘလူမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ကန့်ဘလူမြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နေ ပြည်သူများနှင့် အားကစားကို ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသည့် အင်အား ၄၅၀၀ ကျော်သည် မြို့တော်ခန်းမရှေ့ရှိ သတ်မှတ်နေရာများတွင် နေရာယူကြပြီး တပင်ရွှေထီးလမ်းမကြီးတစ်လျှောက်မှ မြို့ရှောင်လမ်းအထိ တပျော်တပါး စုပေါင်းလမ်းလျှောက်၍ စုရပ်အဖြစ် ကန့်ဘလူမြို့ အစိုးရစက်မှုလက်မှု(သိပ္ပံ) ကျောင်းဝင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ကာ ကိုယ်ကာယလေ့ကျင့်ခန်း အတွဲ(၁)၊ အတွဲ(၂)သရုပ်ပြသမှုများနှင့် သွေးပူလေ့ကျင့်ခန်းကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကန့်ဘလူမြို့ပေါ်ရှိ "ဆု" ကိုယ်ပိုင်အထက်တန်းကျောင်း၊ "မြင့်မိုရ်"ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် "သူရိန်နန်း" ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် စုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ညှော်ခံကျွေးမွေးသည့် နံနက်စာများကို တပျော်တပါး စားသုံးနေမှုများနှင့် ကံစမ်းမဲများ ဖွင့်ဖောက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့်အတူ ဆုမဲပေါက်သူများကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ တက်ရောက်လာသူများကို စားသုံးဆီများနှင့် ဆန်များ စျေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း ကန့်ဘလူမြို့ပေါ်ရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၈၀၀ ကျော်ဖြင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ဘားအံ ဒီဇင်ဘာ ၂၀**

ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ဘားအံမြို့ သံလွင်မြစ်ကမ်းနဖူး အမှတ်(၃)ရပ်ကွက် ညစျေးတန်းနေရာ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၇ ရက်မှ စတင်ကျင်းပခဲ့ပြီး ဘားအံမြို့နယ်အတွင်းရှိ တိုက်နယ်များနှင့် မြို့နယ်များမှ လှေလှော်အသင်း ၁၂ သင်း ပြိုင်ပွဲဝင်အားကစားသမားပေါင်း ၄၉၈ ဦး ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကာ အမျိုးသား/ အမျိုးသမီး ၅ တက်လှော်ပြိုင်ပွဲ၊ ၇ တက်လှော်ပြိုင်ပွဲနှင့် ၂၀ တက် နဂါးလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်များ အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ် ဝန်ကြီးများက ပြိုင်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသော ကျန်းမာရေးအဖွဲ့၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ရေပြင်သက်ကယ်အဖွဲ့တို့အား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များက အမျိုးသမီး ၅ တက်လှော်ပြိုင်ပွဲနှင့် အမျိုးသမီး ၇ တက်လှော်ပြိုင်ပွဲ တို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများ၊ အမျိုးသမီး ၂၀ တက်လှော်ပြိုင်ပွဲတွင် ဒုတိယနှင့် တတိယဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားတို့ကိုလည်းကောင်း၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်းတို့က အမျိုးသား ၅ တက်လှော် ပြိုင်ပွဲ၊ ၇ တက်လှော် ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများ၊ ၂၀ တက်လှော်ပြိုင်ပွဲတွင် ဒုတိယနှင့် တတိယဆုရရှိကြသူများအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုနှင့် ဆုဖလားများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက က အမျိုးသမီး ၂၀ တက် နဂါးလှေလှော်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ဂျိုင်းတိုက်နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု ကျပ် ၁၅ သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသား ၂၀ တက် နဂါးလှေလှော်ပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော မိဇံ တိုက်နယ်အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ ငွေသားဆုကျပ် ၁၅ သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။ **(ဓာတ်ပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများသည် ဘားအံမြို့ သီရိကွင်းဒုံးစင်မြင့်၌ ကျင်းပသည့် ကရင်သက္ကရာဇ် ၂၇၆၅ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပဒေသာကပွဲ သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ (၁၁)ကြိမ်မြောက် ညီလာခံသို့ မြန်မာနိုင်ငံ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



**နေပြည်တော် ဒီဇင်ဘာ ၂၀**

ကာတာနိုင်ငံ ဒိုဟာမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း အဖွဲ့ဝင် နိုင်ငံများ၏ (၁၁)ကြိမ်မြောက် ညီလာခံသို့မြန်မာနိုင်ငံ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင် အဖွဲ့ဝင် ဦးတိုးရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ **(ဓာတ်ပုံ)**

အဆိုပါညီလာခံသည်အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်မှုအား ပြန်လည်သုံးသပ်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများအတွက် ဦးတည်ချက်များ ချမှတ်ရာတွင် အရေးပါသည့် အပြည်ပြည်ဆိုင်ရာ ညီလာခံဖြစ်ပြီး ညီလာခံတွင် ကမ္ဘာတစ်ဝန်းရှိ အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များစုပေါင်းကာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်မှု အခြေအနေများကို ပြန်လည်သုံးသပ်ခြင်း၊ အတွေ့အကြုံများနှင့် အကောင်းဆုံးလုပ်ထုံးလုပ်နည်းများကို အပြန်အလှန် ဖလှယ်ခြင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နည်းဗျူဟာများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညီလာခံ၏ ဆွေးနွေးပွဲများ၌ တက်ကြွစွာ ပါဝင်ဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ၊ လက်ရှိဆောင်ရွက်နေသော မဟာဗျူဟာများနှင့် ရလဒ်များကို မျှဝေတင်ပြခဲ့သည့်အပြင် နိုင်ငံတကာမှ တိုးတက်ပြောင်းလဲလာသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ နည်းစနစ်များနှင့် အသိပညာများကို လေ့လာဆည်းပူးနိုင်ခဲ့သည်။

### ချိတ်ဆက်ဆောင်ရွက်လျက်ရှိ

မြန်မာကိုယ်စားလှယ်အဖွဲ့၏ ယခုတက်ရောက်မှုသည် နိုင်ငံတော်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ပိုမိုခိုင်မာအားကောင်းစေရန်အတွက် အခြားနိုင်ငံများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





❖ ကျော်ဖုံးမှ

ပိတ်ပွဲအခမ်းအနားသို့ ထိုင်းဒုတိယဝန်ကြီးချုပ် သာမနက် ပရွန်ဖောင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ ထိုင်းနိုင်ငံက ယခုနှစ်ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် (၇) ကြိမ်မြောက် လက်ခံယှဉ်ပြိုင် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲကို ၁၉၅၉ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခုဆိုလျှင် (၃၃) ကြိမ်မြောက် အထိရှိလာပြီဖြစ်သည်။ ထိုစဉ်ကလည်း ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်ဆောင်ရွက်ခဲ့ပြီး အားကစားနည်း ၁၂ မျိုးဖြင့် ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့သည်။

ပိတ်ပွဲ အခမ်းအနားတွင် နောက်ထပ်အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မလေးရှားနိုင်ငံသို့ ဆီးဂိမ်းအဖွဲ့ချုပ်အလံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့ကြောင့် (၃၄) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို လာမည့် ၂၀၂၇ ခုနှစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ မြန်မာအားကစားအဖွဲ့ ခေါင်းဆောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်မှုအဖွဲ့ဝင်များ၊ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်သည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုတွင် ထိုင်းနိုင်ငံက ရွှေ ၂၃၃ ခု၊ ငွေ ၁၅၄ ခုနှင့် ကြေး ၁၁၂ ခု စုစုပေါင်း ဆုတံဆိပ် ၄၉၉ ခုဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေသည်။ ယင်းနောက်တွင် အင်ဒိုနီးရှားနိုင်ငံက ရွှေ ၉၁ ခု၊ ငွေ ၁၁၁ ခု၊ ကြေး ၁၃၁ ခု စုစုပေါင်း ဆုတံဆိပ် ၃၃၃ ခုဖြင့် ဒုတိယ၊ ဗီယက်နမ်နိုင်ငံက ရွှေ ၈၇ ခု၊ ငွေ ၈၁ ခု၊ ကြေး ၁၁၀ ခု စုစုပေါင်း ဆုတံဆိပ် ၂၇၈ ခုဖြင့် တတိယ၊ မလေးရှားနိုင်ငံက ရွှေတံဆိပ် ၅၇ ခု၊ ငွေ ၅၇ ခု၊ ကြေး ၁၁၇ ခု စုစုပေါင်း ၂၃၁ ခုဖြင့် စတုတ္ထ၊ စင်ကာပူနိုင်ငံက ရွှေ ၅၂ ခု၊ ငွေ ၆၁ ခုနှင့် ကြေး ၈၉ ခု စုစုပေါင်း ၂၀၂ ဖြင့် ပဉ္စမ၊ ဖိလစ်ပိုင်နိုင်ငံက ရွှေ ၅၀၊ ငွေ ၇၃ ခုနှင့် ကြေး ၁၅၄ ခု စုစုပေါင်း ၂၇၇ ခုဖြင့် ဆဋ္ဌမနေရာတွင် အသီးသီး ရပ်တည်နိုင်ခဲ့သည်။

နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် မြန်မာနိုင်ငံက ရွှေ ၃ ခု၊ ငွေ ၂၀ ခုနှင့် ကြေး ၄၉ ခု စုစုပေါင်း ဆုတံဆိပ် ၇၃ ဖြင့် အဆင့် (၇) တွင် ရပ်တည်နိုင်ခဲ့သည်။ **ဇော်ဇော်**

## (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

၂၀-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၂၃၃ | ၁၅၄ | ၁၁၂ | ၄၉၉ |
| ၂ | အင်ဒိုနီးရှား | ၉၁ | ၁၁၁ | ၁၃၁ | ၃၃၃ |
| ၃ | ဗီယက်နမ် | ၈၇ | ၈၁ | ၁၁၀ | ၂၇၈ |
| ၄ | မလေးရှား | ၅၇ | ၅၇ | ၁၁၇ | ၂၃၁ |
| ၅ | စင်ကာပူ | ၅၂ | ၆၁ | ၈၉ | ၂၀၂ |
| ၆ | ဖိလစ်ပိုင် | ၅၀ | ၇၃ | ၁၅၄ | ၂၇၇ |
| ၇ | မြန်မာ | ၃ | ၂၀ | ၄၉ | ၇၃ |
| ၈ | လာအို | ၂ | ၉ | ၂၈ | ၃၉ |
| ၉ | ဘရူနိုင်း | ၁ | ၃ | ၅ | ၉ |
| ၁၀ | တီမော | ၀ | ၁ | ၇ | ၈ |




# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်၊ ကြေးတံဆိပ်ဆုရရှိသူများ၊ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော အားကစားအဖွဲ့များ၊ ဒုတိယအုပ်ချုပ်မှု အဖွဲ့ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် လှေလှော်အားကစားနည်းမှ Rowing ပြိုင်ပွဲ အမျိုးသား တစ်ယောက်လှော် ပင်လယ်ကမ်းခြေ ကမ်းရိုးတန်းလှေလှော် Beach Spring ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရရှိသော ဝေယံမိုး၊ အမျိုးသမီး ကိုယ်အလေးချိန်ပေါ့ တစ်ယောက်လှော် LW1X ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော နီလာဝင်း၊ အမျိုးသား ၁၀ တက်လှော်မီတာ ၂၀၀ ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးပေါင်းစပ် ၂၀ တက်လှော်မီတာ ၂၀၀ ပြိုင်ပွဲ၊ အမျိုးသမီး ၁၀ တက်လှော် မီတာ ၅၀၀ ပြိုင်ပွဲ၊ အမျိုးသား ၁၀ တက်လှော်မီတာ ၅၀၀ ပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆု လေးဆုရရှိခဲ့သော နဂါးလှေအားကစားအဖွဲ့၊ လက်ဝှေ့ အားကစားနည်းမှ Women's Fly 50kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော မြမိုးသူ၊ Women's Bantam 54kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော ထားထားနွယ်၊ Women's Feather 57kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော ဆုမြတ်နိုး၊ Women's Welter 66kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော ကေသွယ်ငြိမ်း၊ Men's Light60kg ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိသော နတ်မာရ်တို့နှင့်အတူ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



အဆိုပါ အားကစားအဖွဲ့ဝင်များသည် ယနေ့တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း (MAI)ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ၏ မိဘဆွေမျိုးများက ဂုဏ်ပြုကြိုဆိုကြသည်။

အားကစားအဖွဲ့နှင့် အတူ မြန်မာအားကစားအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင်များ ဖြစ်သော အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အုပ်ချုပ်မှုအဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့ အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

❍ ကျော်ဖုံးမှ

အင်တာမီလန်အသင်း၏ ပယ်နယ်တီနှစ်လုံးကို ကာကွယ်နိုင်ခဲ့သည်။

အင်တာမီလန်အသင်းသည် ဘိုလော့ဂ်နာအသင်းထက် ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှုနှင့် အတူခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရသည်အထိ စွမ်းဆောင်နိုင်ခြင်းမရှိသောကြောင့် ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့သည်။

အီတလီ စူပါဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံကို အနိုင်ယူကျော်ဖြတ်နိုင်ခဲ့သည့် ဘိုလော့ဂ်နာနှင့် နာပိုလီအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အဆိုပါဗိုလ်လုပွဲကို ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ Al -Awwal Park ကွင်း၌ လာမည့် ဒီဇင်ဘာ ၂၃ ရက်တွင်အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**အောင်ဇော်**

# အခြေခံပညာကျောင်းများ၊ ဘုရားစေတီပုထိုးများ၊ ဆေးရုံများနှင့် ဘိုးဘွားရိပ်သာများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။



ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ သုံးခွမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ သာကေတမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ အင်းစိန်မြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့ရှိ ဘုရားစေတီပုထိုးများ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဘာသာရေးကျောင်းများနှင့် လမ်းမကြီးတို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဥသျှစ်ကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ငါးပါးနှင့် ဒေသခံပြည်သူ ၁၄၅ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဘုန်းတော်ကြီး ရပ်ကွက်နှင့် ပတ်ဝန်းကျင် ရပ်ကွက်များရှိ ဒေသခံပြည်သူများအား အဆိုပါရပ်ကွက်ရှိ ပထမဝေဠုဝန်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၂၁၆ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေး အသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ယင်းသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် အများအားဖြင့် သာယာနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ကာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နှစ်ရက်မှ သုံးရက်ခန့်နှင့် ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ခြောက်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ ငါးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် သုံးလက်မခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးလက်မခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်ခန့်စီ၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းမှန်အကြိမ် ၃၀ ရရှိပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၅၇ မှု၊ ဖမ်းဆီးရမိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၈ ဒသမ ၀၃၀ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။



၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ဖမ်းဆီးရမိမှု။

သတင်းပေးတိုင်ကြားမှုများကြောင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့ပြီး ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်တင်ပို့/တင်သွင်းမှုများကို သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှုခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၈ ဒသမ ၀၃၀ သန်း၏ ၂၀ ရာနှုန်းဖြစ်သော ငွေကျပ် ၅၉၉ ဒသမ ၆၀၆ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo @ gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Htet Aung Victor” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မန်းရပ်ကွက်နေ ထက်အောင်လင်းအား တောင်ငူမြို့နယ် အမှတ်(၂) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**



မြဝတီမြို့အတွင်း တရားမဝင်နိုင်ငံခြားသားများ ဖမ်းဆီးရရှိမှုကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားသူများအသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားသူများ အသုံးပြုခဲ့သည့် အသုံးဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကို တွေ့ရစဉ်။

◆ *ကျော်ဖုံးမှ*

စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မြဝတီမြို့အတွင်း၌လည်း တရားမဝင် ဝင်ရောက်နေထိုင်သူများနှင့် အွန်လိုင်းလောင်းကစား ကျူးလွန်သူများအား ဖမ်းဆီးရမိရေး လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ၊ မြဝတီမြို့အဝင်/အထွက် လမ်းကြောင်းနေရာများနှင့် လမ်းဆုံလမ်းခွနေရာများတွင် ပိတ်ဆို့စစ်ဆေး ရှာဖွေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း တရားမဝင် တစ်ထပ် အဆောက်အအုံငါးလုံးအား ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများ အနက်မှ မြဝတီမြို့ မြေနီကုန်းရပ်ကွက်အနီး လူမနေပိတ်ထားသည့် တည်းခိုခန်းအတွင်း၌ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၁၅ ဦးအားလည်းကောင်း၊ ဂိုဒေါင်နှစ်လုံးအတွင်း၌ တရားမဝင်ကုန်ပစ္စည်းများဖြစ်သော ကားကြီးတာယာ (ဆိုက် TX ၆၀) အလုံး၂၀၀၊ မိုးကာလိပ်အစိမ်း အလိပ် ၃၀၀၀၊ စက္ကူလိပ်(အကြီး)အလိပ် ၂၀၊ Air Fiter ဘူး(အကြီး)အလုံး ၂၀၊ Air Fiter ဘူး(အသေး) အလုံး ၃၀၊ Battery စက်ဘီး ၁၆ စီး၊ ရေစုပ်မော်တာ (၁ . ၅ ကောင်) အလုံး ၁၀၀၊ Back Hoe ဘီးခွေ ၂၅ ခု၊ တစ်ရှူးဖာမျိုးစုံ ၃၀၀၀၊ စာရေးကိရိယာမျိုးစုံ ဖာ ၁၀၀၀၊ အလှကုန်ပစ္စည်းအထုပ် ၂၅၀၊ သွပ်ဖာဆီလီကွန်ဖာ ၁၈၀၀၊ စက်ဘီးအစီး ၂၀၊ ကလေးတွန်းလှည်း ၁၅ ခု စုစုပေါင်း တရားမဝင်ကုန်ပစ္စည်း ၁၄ မျိုးအားလည်းကောင်း သိုလှောင်ထားရှိကြောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိတရားမဝင်ကုန်ပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ပတ်သက်သူများအား ဆက်လက်စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရေးနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းများအား ထပ်မံ၍ အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးကို မြန်မာနိုင်ငံအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်နှိမ်နင်းသွားမည်ဖြစ်ပြီး ၎င်းလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်နေသူများကို ဖော်ထုတ်ဖမ်းဆီး၍ ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်မည့် မဲရုံများ၌ မီးဘေးလုံခြုံရေးအတွက် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးနယ်လ်ဆင်လှမြိုင်၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းမှစ၍ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်စဉ်။ မေစု(ပြန်/ဆက်)



စေတုတ္တရာမြို့နယ် အလယ်ပုံကျေးရွာအုပ်စု အောက်ပုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ၌ ဒီဇင်ဘာ ၁၉ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးရှိန်းမင်းထက်၏ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးသိန်းလင်းနိုင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြစဉ်။ ဆန်းကိုကို(ပြန်/ဆက်)



စဉ့်ကိုင်မြို့နယ် ပလိပ်ကျေးရွာအုပ်စုရှိမဲရုံများနှင့် မဲရုံပတ်ဝန်းကျင်အနီး မီးလောင်မီးလန့်မှုမဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးကြည်ဇော်ထိုက် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မီးသတ်ဦးစီးဌာနက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမည့် မဲရုံများ မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ဒီဇင်ဘာ ၁၉ ရက်က မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဌေးနှင့် တပ်ဖွဲ့ဝင်များ မြို့ပေါ်ရပ်ကွက်ရှိ မဲရုံများနှင့် မဲရုံများပတ်ဝန်းကျင်ရှိ လူနေအိမ်များကိုသွားရောက်၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

စွမ်းထက်(ညောင်လေးပင်)

## ပန်းတနော်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

**ပန်းတနော် ဒီဇင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရေလဲနဲ့ကောကျေးရွာအုပ်စု နဲ့ကောကျေးရွာ၊ ရေလဲကျေးရွာ၊ အိုင်ကနူးကျေးရွာနှင့် ရေလဲတောင်စု ကျေးရွာတို့တွင် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်က လျှပ်စစ်မီးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်ပေးပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များက အမွှေးနံ့သာရည်ပက်ဖျန်းကြသည်။



ထို့နောက် ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများက ကျေးရွာအတွင်း မီးတပ်ဆင်ထားမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ယင်းနောက် ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများသည် ဓနုဖြူမြို့နယ် ဖုန်းဆိုးတောင်ကျေးရွာအုပ်စု ယင်းကတစ်ကျေးရွာရှိ ကွင်းအမှတ် ၁၃၃၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်ရရှိထားသောဧရိယာ ဧက ၁၈၀ တွင် Alloy ကုမ္ပဏီမှ အုန်းချိုမွှေးပင်များ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ကျောင်းသား ကျောင်းသူလူငယ်လူရွယ်များအား ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဒီဇင်ဘာ ၁၈ ရက်က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(အင်းတိုင်) ၌ ကျင်းပပြုလုပ်သည်။



ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ လှည်းကူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဝင်းလှိုင်၊ လှည်းကူးခရိုင် ပညာရေးမှူး ဦးဌေးလွင်သန်းနှင့် အထက (အင်းတိုင်) ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစီဇာအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ လူငယ်စကားဝိုင်း ဆွေးနွေးပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ၊ စာအုပ်ပြပွဲများ၊ ဓာတ်ပုံပြပွဲများ၊ ဌာနဆိုင်ရာပြခန်းများနှင့် ကျောင်းသား ကျောင်းသူများ လက်မှုပြခန်းနှင့် တီထွင်စမ်းသပ်ထားသည့်ပြခန်းများကို လှည့်လည် ကြည့်ရှုအားပေးခဲ့ကြသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**

## တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း ၂၈ ကြိမ်မြောက် သက်ကြီးစာပေပညာရှင် ပူဇော်ကန်တော့ပွဲကျင်းပ

**တောင်ဥက္ကလာပ ဒီဇင်ဘာ ၂၀**

သဃ်န်းကျွန်းခရိုင် တောင်ဥက္ကလာပမြို့နယ်တွင် မြို့နယ်စာရေးဆရာအသင်းမှ စာဆိုတော်နေ့ အထိမ်းအမှတ် ၂၈ ကြိမ်မြောက် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ယမန်နေ့က တောင်ဥက္ကလာပမြို့နယ် အမှတ် (၃) ရပ်ကွက် ငွေကြာယံပရိယတ္တိ စာသင်တိုက်၌ ကျင်းပပြုလုပ်သည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ် စာရေးဆရာအသင်းဝင် ဆရာမနန်းညွန့်ယဉ်ခမ်းက ၁၃၈၇ ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သဝဏ်လွှာကို ဖတ်ကြားပြီး တောင်ဥက္ကလာပမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မောင်မြကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးဆရာမြင်းမူမောင်နိုင်မိုးက မုဒိတာစကား ပြောကြားသည်။ ထို့နောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့ချီးဖြင့် ကန်တော့ပြီး ကန်တော့ခံများအား ကန်တော့ပစ္စည်းနှင့် ငွေသားများ လက်ရောက်ကန်တော့ခြင်း၊ အလင်္ကာကျော်စွာဘွဲ့ရ ဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့အား ဂုဏ်ပြုခြင်း၊ ချို့တဲ့နာမကျန်း စာပေသမားများအတွက် မျှတူမျှအဖွဲ့အား ထောက်ပံ့ကူညီလှူဒါန်းသည့် အလှူငွေပေးအပ်ခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း**
**(ပြန်/ဆက်)**

ပြည်မြို့ ကမ်းနားလမ်းရှိ စည်ပင်သာယာမြို့မဈေးကြီး၌ ဒီဇင်ဘာ ၁၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်လင်းစိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူဈေးသားများအား လက်တွေ့မီးငြိမ်းသတ်နည်း လေ့ကျင့်မှုများပြုလုပ်ပေးစဉ်။ ကိုဆက်(ပြန်/ဆက်)



**ဘုံပိုင်ခေါင်းမှ**

**ရေစက်ကျမနေစေရန်**

**ကျပ်အောင်ပိတ်ပါ။**

**ဘုံပိုင်ခေါင်းကို မသုံးဘဲ**

**ဖွင့်ထားခြင်းမပြုပါနှင့်။**

# လွိုင်လင်၊ ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး



**နေပြည်တော် ဒီဇင်ဘာ ၂၀**
ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်၊ ဟိုပုံး၊ ပင်လောင်းနှင့် ဆီဆိုင်မြို့နယ်တို့၌ ဒီဇင်ဘာလ ၁၉ ရက်က ဘိန်းစိုက်ခင်း စုစုပေါင်း ၂၆၈ ဧကခန့်အား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၇ နာရီအချိန်မှ ညနေ ၃ နာရီခွဲအထိ လွိုင်လင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် ပှေတောက်ကျေးရွာအုပ်စု တောင်ပါခါးကျေးရွာ၏ အနောက်တောင်ဘက် ၅ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၇၃ ဧကခန့်အား လည်းကောင်း။

အလားတူ နံနက် ၇ နာရီ ၁၀ မိနစ်မှ ညနေ ၃ နာရီခွဲအထိ လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က လွိုင်လင်မြို့နယ် ဆဟောင်းကျေးရွာအုပ်စု ထီကတူကျေးရွာ၏ အရှေ့တောင်ဘက် ၄ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၅၀ ခန့်နှင့် ထီကတူကျေးရွာ၏ အရှေ့ဘက် ၃ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်တို့အား လည်းကောင်း။

ထို့အတူ နံနက် ၈ နာရီ ၄၅ မိနစ်မှ ညနေ ၄ နာရီ ၂၅ မိနစ်အထိ ဟိုပုံးမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် စံဖူးကျေးရွာအုပ်စု လိုက်ကန်ကျေးရွာ၏ အရှေ့မြောက်ဘက် ၅ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၀ ဧကခန့်အား လည်းကောင်း။

အလားတူ နံနက် ၉ နာရီမှ ညနေ ၄ နာရီ ၁၅ မိနစ်အထိ ပင်လောင်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် လိန်းညားကျေးရွာအုပ်စု တောင်လေးကျေးရွာ၏ အရှေ့တောင်ဘက် ၃ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၄၀ ခန့်နှင့် တောင်လေးကျေးရွာ၏ အရှေ့တောင်ဘက် ၂ မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၃၅ ဧကခန့်တို့အား လည်းကောင်း။

ထို့အတူ နံနက် ၉ နာရီ ၃၅ မိနစ်မှ ညနေ ၃ နာရီ ၄၅ မိနစ်အထိ ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စု ထမ့်ယမ်းကျေးရွာ၏ အရှေ့တောင်ဘက် ၇ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ခုနစ်ဧကခန့်နှင့် ထမ့်ယမ်းကျေးရွာ၏ တောင်ဘက် ၆ ဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၇ ဧကခန့်တို့အား လည်းကောင်း ဖျက်ဆီးရှင်းလင်းခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# ထန်းတပင်မြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ထန်းတပင် ဒီဇင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သစ်တောဦးစီးဌာနမှ "သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေး" ဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၂၀ ရက်က လမုတန်းကြီးကျေးရွာအုပ်စု လမုတန်းကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



အဆိုပါ ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းထွန်းက သစ်တောသစ်ပင်များ အကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များအကြောင်း၊ သစ်တောများက ပေးစွမ်းနိုင်သည့် ဂေဟစနစ်ဆိုင်ရာ အကျိုးကျေးဇူးများ၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးတွင် သစ်တောများ၏ အရေးပါမှု၊ အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့ လျှော့ချရေးအတွက် Fire Hotspots များ လျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်း၊ လယ်ယာများမီးရှို့ခြင်းများ မပြုလုပ်ရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေး ဆောင်ရွက်နေမှု အခြေအနေများကို တက်ရောက်လာကြသည့် ကျေးရွာနေပြည်သူများအား အသိပညာပေး ဟောပြောခဲ့သည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ကသာမြို့၌ ကြိုတင်မဲပေးခြင်းများ စတင်ဆောင်ရွက်

**ကသာ ဒီဇင်ဘာ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တက္ကသိုလ်/ ကောလိပ်များသို့ သွားရောက် ကျောင်းတက်ကြမည့် ကျောင်းသားကျောင်းသူများ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသွားလာကြမည့် ဒေသခံပြည်သူများ ကြိုတင်မဲပေးခြင်းကို ယနေ့နံနက် ၈ နာရီမှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်များရှိ သက်မှတ်မဲရုံများတွင် လက်ခံဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် တက္ကသိုလ်/ ကောလိပ် တက်ရောက်ကြမည့် ကျောင်းသားကျောင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ခရီးသွားလာကြမည့် ဒေသခံပြည်သူများက ၎င်းတို့မဲစာရင်းပါရှိရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားကတ်(သို့မဟုတ်) ကျောင်းဝင်ခွင့် အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးကြရာ ကသာမြို့နယ်အတွင်းရှိ မိဘပြည်သူ စုစုပေါင်း ၅၈၉ ဦး လာရောက်မဲပေးခဲ့ကြသည်။

အဆိုပါ ကြိုတင်ဆန္ဒ မဲပေးခြင်းကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၇ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၃ နာရီခွဲအတွင်း သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲရုံးများတွင် လာရောက်မဲပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော် ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ တစ်ဦးအပါအဝင်အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးတို့အား ရက်စက်စွာလုပ်ကြံသတ်ဖြတ်

နေပြည်တော် ဒီဇင်ဘာ ၂၀

အကြမ်းဖက်အဖွဲ့များ ဖြစ်သော CRPH နှင့် NUG တို့သည် နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ချက်များဖြင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ဖွဲ့စည်း၍ အချို့သောဒေသများတွင် နိုင်ငံတော်မှ ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် သစ္စာရှိ အစိုးရဝန်ထမ်းများ၊ သာသနာ့အကျိုး သယ်ပိုးထမ်းဆောင်လျက်ရှိသော ရဟန်းသံဃာများ၊ အေးချမ်းစွာနေထိုင်လျက်ရှိသော အပြစ်မဲ့ဒေသခံ ပြည်သူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးနှိပ်စက် သတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။






မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ရက်စက်စွာပစ်ခတ် သတ်ဖြတ်ခဲ့သော အပြစ်မဲ့ဒေသခံပြည်သူများ။



မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ရက်စက်စွာ ပစ်ခတ် သတ်ဖြတ်ခဲ့သော ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမတစ်ဦး။



ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထုအကြား အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာနေ အုပ်ချုပ်ရေးမှူး ဦးလှမင်းကြည် (ဘ)ဦးလှထူးနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ချိုချိုမြင့် (ဘ) ဦးရွှေသောင်းတို့အား လည်းကောင်း၊ မလှိုင်မြို့နယ် မျက်သီးကျင်း (မြောက်) ကျေးရွာနေ ကုန်စုံဆိုင်လုပ်ကိုင်သူ ဒေါ်လှရှင်း (ဘ) ဦးမွေး၊ ဒေါ်ယဉ်ယဉ်အောင် (ဘ) ဦးညွှန့်ရွှေနှင့် ဦးမိုးသူ(ခ)တရုတ်ကြီး (ဘ) ဦးညွှန့်ရွှေတို့အားလည်းကောင်း၊ မလှိုင်မြို့နယ် ရုံးတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ သားဖွားဆရာမ ဒေါ်အေးအေးခိုင် (ဘ) ဦးကျော်ဝင်းအား လည်းကောင်း ၎င်းတို့ နေအိမ်အသီးသီး၌ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် လာရောက်၍ ယုတ်မာရိုင်းစိုင်းစွာ ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် သားဖွားဆရာမဖြစ်သူ ဒေါ်အေးအေးခိုင်အပါအဝင် အပြစ်မဲ့ဒေသခံပြည်သူ ခြောက်ဦးတို့သည် ကျည်ထိမှန်ဒဏ်ရာများဖြင့် ၎င်းတို့နေအိမ်အသီးသီး၌ပင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်တွင် PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်မှ ပေးအပ်လာသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် သစ္စာရှိ အစိုးရဝန်ထမ်းများအား ဆင်ခြင်တုံတရားကင်းမဲ့စွာ သတ်ဖြတ်ခဲ့ကြသဖြင့် ဒေသတွင်း လူမှုစီးပွား၊ ကျန်းမာရေးကဏ္ဍများ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရပြီး ယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ် လုပ်ဆောင်ခဲ့ကြသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဒေသခံပြည်သူများက ကန့်ကွက်ရှုတ်ချလျက် ရှိပါကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့်လည်း ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ PDF အမည်ခံအကြမ်းဖက်သမားများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်ရမိရေး လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လားရှိုးမြို့နှင့် ပန်းတောင်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

လားရှိုးမြို့နှင့်ပန်းတောင်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၉) ရှမ်းခိုလောင်လမ်းနှင့် သစ္စာလမ်းထောင့်တွင် လားရှိုးမြို့နယ် မိုင်းယော်ကျေးရွာနေ စိုင်းစံအောင် (၃၇)နှစ် မောင်းနှင်လာသော HONDA CIVIC မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၆၀) အား ဖမ်းဆီးရမိပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ (၁၉)နေ အိုက်ဆာထွန်း(၅၆)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ (ဒေသတန်ဖိုး ငွေကျပ် ၁၆ သိန်း)ကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် သတင်းအရ ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ပုသိမ် – မုံရွာသွားလမ်း ကျီးပင်ကျေးရွာအနီးတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် (၈)ရပ်ကွက်နေ ကိုကိုဇော်(ခ) ကိုဇော်(၃၂) နှစ် မောင်းနှင်ပြီး တောင်ဒဂုံမြို့နယ် (၂၅)ရပ်ကွက်နေ မြတ်ကျော်(၃၇)နှစ် လိုက်ပါလာသော HONDA FIT မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်း ၂၉၄၀)ကို ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**မူးယစ်ဆန့်ကျင်**

**အောင်ပွဲဝင်၊**

**ရှောင်လေဝေးဝေး**

**မူးယစ်ဆေး**

## မူဆယ်၊ တောင်ဥက္ကလာပနှင့် မရမ်းကုန်းမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၀

မူဆယ်၊ တောင်ဥက္ကလာပနှင့်မရမ်းကုန်းမြို့နယ်တို့၌ တရားမဝင်မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းကသတင်းအရ မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ကောင်းမှုလွယ်နယ်မြေ နယ်မြေ(၆)နေ ထွန်းထွန်းနိုင်(၃၃)နှစ်၏ နေအိမ်ခန်းကို ဝင်ရောက်ရှာဖွေရာ နေအိမ်မှ ဘိန်းဖြူ ၀ ဒသမ ၃၇ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၅၅ ဒသမ ၅ သိန်း)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၇၅၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၆၇ ဒသမ ၅ သိန်း)တို့ကို ဖမ်းဆီးရမိသဖြင့် ထွန်းထွန်းနိုင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ အလားတူ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် သံသုမာလမ်းတွင် လမ်းလျှောက်လာသူ ဖြိုးဇော်(၄၆)နှစ် (၇)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေသူအားစစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၀ သိန်း) ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၃)ရပ်ကွက်တွင် စိတ်ကြွဆေးပြားများ ရောင်းချပေးသူ ရွှန်းလဲ့ဗိုလ် (၃၁)နှစ် (၁)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေသူကို ဖမ်းဆီးရမိပြီး ၎င်း၏ဖော်ထုတ်ချက်အရ ညနေ ၄ နာရီ ၁၅ မိနစ်တွင် မြောက်ဥက္ကလာပမြို့နယ် (င) ရပ်ကွက်တွင် ကျော်ကျော်မင်း(၃၈)နှစ်(၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူအား ဖမ်းဆီးရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီ ၂၅ မိနစ်တွင် ၎င်းနေထိုင်သည့် မရမ်းကုန်းမြို့နယ် (၅)ရပ်ကွက်ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၁၀၀) ဆက်လက်သိမ်းဆည်းရမိခဲ့သည်။



တရားခံ ထွန်းထွန်းနိုင်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

၎င်း၏ဖော်ထုတ်ချက်အရ ည ၉ နာရီတွင် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် ပါရမီလမ်းနှင့် သဒ္ဒါလမ်းထောင့်တွင် စိတ်ကြွ ဆေးပြားများရောင်းချပေးသူ ခင်ချိုချိုနိုင် (၃၃)နှစ် (၄)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေသူအား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေ ကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၁၀၀) ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ ည ၉ နာရီ ၃၅ မိနစ်တွင် ၎င်းနေထိုင်သည့် တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက်ရှိနေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၄၀) ထပ်မံသိမ်းဆည်းရမိသဖြင့် ဖြိုးဇော်၊ ရွှန်းလဲ့ဗိုလ်၊ ကျော်ကျော်မင်းနှင့် ခင်ချိုချိုနိုင်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် မီးသွေး၊ သစ်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်မီးသွေးများ တင်ဆောင်သည့်မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ဒီဇင်ဘာ ၅ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေတူးဖော်ရာတွင် အသုံးပြုသည့် မုံအိုး ရှစ်လုံးအပါအဝင် ဆက်စပ်ပစ္စည်း သုံးမျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၄၀၀၀၀)ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က ဒီဇင်ဘာ ၅ ရက်တွင် ဥသျှစ်ပင်မြို့နယ်အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က နိုဝင်ဘာ ၂၇ ရက်တွင် တိုက်ကြီးမြို့နယ် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၇၂၀ တန်၊ အခြားသစ် ၀ ဒသမ ၅၀၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၂၀၄၈)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် လိုင်စင်ရှိ Toyota Probox တစ်စီး၊ Toyota Townace တစ်စီး၊ Hyundai Porter II တစ်စီး၊ လိုင်စင်မဲ့ Toyota Voxy တစ်စီး၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၈၄၀၂၀၄၈ ကို လည်းကောင်း။

အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည် ခုနစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၃၀၊ လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၃၉၀၃၈၀၀ ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်၊ ဒီဇင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၁၃၂၄၂၈) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃ ရက်တွင် ဥတ္တရသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၉ ဒသမ ၀၀၉ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၁၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၅ ရက်၊ ၆ ရက် နှင့် ၇ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၉၁၀၀၀၀)နှင့် ရွှေဘိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၁၃၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ဟုမ္မလင်းမြို့နယ်လေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရွှေဖြူ(၈၉) ကျပ်သား (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၈၀၀၀၀၀)ကို မြန်မာ့သတ္တုတွင်းဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၇၁၀၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ကျောက်တံခါးမြို့နယ်နှင့် ရေတာရှည်မြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၃ ဒသမ ၃၄၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၃၃၇၆ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် သရက်မြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာ၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင်မီးသွေး ၄၅ ပေါင်ဝင် ၄၆ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၃၄)နှင့် အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Hyundai Porter II တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၁၅၃၃၃၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်လေးဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း ခုနစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၇၁၈၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၀၈၃၇၁၂) ကို ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် စစ်ကိုင်းမြို့နယ် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၉၇၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင်ဆေးဝါး ၃၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၀၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရ လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၄၇၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၇ ရက်တွင် မင်းဘူးမြို့နယ် ရွှေရောင်တော်ကျေးရွာအနီး၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ဘီးလင်းမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်၊ ၆ ရက် နှင့် ၇ ရက်တို့တွင် ကမာရွတ်ခရိုင်၊ ကျောက်တံတားခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ မရမ်းကုန်းခရိုင်၊ မင်္ဂလာဒုံခရိုင်၊ သင်္ဃန်းကျွန်းခရိုင်၊ သန်လျင်ခရိုင်၊ အလုံခရိုင်နှင့် အင်းစိန်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် ၁၄ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်အစီး ၃၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၄ ရက်တွင် ဟသ်ာတမြို့နယ်အတွင်း၌ တရားမဝင်သစ်မာ ၀ ဒသမ ၂၉၆ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်တွင် လပွတ္တာမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၆၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ၁၈ မျိုး၊ လျှပ်စစ်ပစ္စည်း တစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၉၈၄၂၉၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်၊ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၆၆၂၅၉၀၀) ကို ဖမ်းဆီးရမိခဲ့သည်။

တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိ သည်။

**သတင်းစဉ်**

PDF Game

ဆော့ကစားခြင်းကြောင့်

ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မိတ္ထီလာမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်း မွမ်းမံသင်တန်းဖွင့်

**မိတ္ထီလာ ဒီဇင်ဘာ ၂၀**



မိတ္ထီလာမြို့နယ်၌ အီလက်ထရောနစ် မဲပေးစက် အသုံးပြုနည်း မွမ်းမံသင်တန်းကိုဒီဇင်ဘာ ၁၉ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ တာဝန်ကျရာ မဲရုံသို့ သွားရောက်ရမည့် အစီအစဉ်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲအရာရှိ ဒေါ်တင်မိုးလတ်က ရွေးကောက်ပွဲကာလတွင် အီလက်ထရောနစ်မဲပေးစက်များ လက်တွေ့ကိုင်တွယ် အသုံးပြုရာတွင် အမှားအယွင်း မဖြစ်ပေါ်စေရေး ဆွေးနွေးပို့ချခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ကျောက်ပန်းတောင်းမြို့နယ်၌ အသိပညာပေးဟောပြော

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၀**

ကျောက်ပန်းတောင်းမြို့နယ်၌ ဒီဇင်ဘာ ၁၈ ရက်က စံပြရပ်ကွက် မူလတန်းလွန်ကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိဖြူက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နွယ်က ကလေးအလုပ်သမားပပျောက်ရေး အကြောင်းအရာများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်သဲဖြူက စာဖတ်ရှိန်မြှင့်တင်ရေးနှင့်ပတ်သက်၍ စာပေဖတ်ရှုလေ့လာခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း အသိပညာပေး ဟောပြောသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများအား သုတ၊ ရသ စာအုပ်များဖြန့်ဝေ၍ စာဖတ်ဝိုင်းဖွဲ့ ဖတ်ရှုလေ့လာစေပြီး ပြန်လည်ဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

**နေအောင်(ပြန်/ဆက်)**

## ပခုက္ကူမြို့နယ်၌ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်း

**ပခုက္ကူ ဒီဇင်ဘာ ၂၀**

ပခုက္ကူမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၉ ရက်က ပခုက္ကူမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အသိပေး ရှင်းလင်းပွဲတွင် ပခုက္ကူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်း ရည်ရွယ်ချက်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်တိုးဝင်းက မဲရုံများအလိုက် ဆောင်ရွက်ရမည့် တစ်နေ့တာလုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။



**ကယ်ရီမောင်**

## ကျောက်တံတားမြို့နယ်၌ မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာများ ရှင်းလင်း

**ကျောက်တံတား ဒီဇင်ဘာ ၂၀**

ကျောက်တံတားမြို့နယ်၌ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၁၈ ရက်က Asia Plaza Hotel ပုလဲခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ကျောက်တံတားမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ အီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမိုးထွေးဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်နီနီစိုးနှင့် အတွင်းရေးမှူး ဒေါ်မေဖူးမြင့်ခိုင်တို့က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် မဲရုံမှူးများ၏ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီး ဗီဒီယိုကလစ်ပြသသည်။

**မြို့နယ်(ပြန်/ဆက်)**



ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားအားလုံး ပါဝင်မဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သော အနာဂတ်ဆီသို့ ဒို့အတူတူ မဲပေးကြမယ် ရွေးကောက်ပွဲအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စတစ်ကာများကပ်ပေးခြင်းကို ဌာနဆိုင်ရာများပူးပေါင်း၍ ဒီဇင်ဘာ ၁၉ ရက်က အရှေ့မြို့ပတ်လမ်းဆုံ၊ အဆုတ်ဆေးရုံရှေ့၌ ဆောင်ရွက်စဉ်။ စိုင်းသန်းကျော်(တောင်ကြီး)

## မုံရွာမြို့၌ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

**မုံရွာ ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးအပ်ခြင်းကို ဒီဇင်ဘာ ၁၉ ရက်က မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မြို့ နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များက သက်ဆိုင်ရာ မဲရုံအလိုက် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ခန့်အပ်လွှာများကို ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံယူသည်။



ဆက်လက်ပြီး နည်းပညာအထောက်အကူပြုအဖွဲ့များက တက်ရောက်လာကြသူများအား အီလက်ထရောနစ်မဲပေးစက် တပ်ဆင်ကိုင်တွယ်အသုံးပြုပုံအဆင့်ဆင့်အား ပြန်လည် ရှင်းလင်းပြသခြင်းကို လက်တွေ့ဆောင်ရွက်ပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြခြင်းကို ဒီဇင်ဘာ ၁၉ ရက်က သဲကုန်းမြို့မဈေး၌ ပြုလုပ်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မြိတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းသူ အမျိုးသမီးငယ်များအား အသိပညာပေးဟောပြော

**မြိတ် ဒီဇင်ဘာ ၂၀**



မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်ကျောင်း၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း တက်ရောက်နေကြသည့် သင်တန်းသူ အမျိုးသမီးငယ်များအား အသိပညာဗဟုသုတများ တိုးပွားစေရန် အတွက် ဒီဇင်ဘာ ၁၈ ရက်တွင် သက်ဆိုင်ရာ ဌာနများက ကဏ္ဍအလိုက် အသိပညာပေးဆွေးနွေးဟောပြောကြသည်။

ဟောပြောရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် အကြောင်းအရာများ၊ လူကုန်ကူးမှုအန္တရာယ်နှင့်တားဆီးကာကွယ်ရေးအကြောင်းအရာများ၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် တားဆီးကာကွယ်ရေး အကြောင်းအရာများ၊ ကူးစက်ရောဂါများနှင့် ရောဂါကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ သဘာဝဘေးအန္တရာယ်များနှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ အမျိုးသမီးနှင့် ကလေးသူငယ် ကာကွယ်ပေးသည့်ဥပဒေ၊ နည်းဥပဒေများ၊ social media ကို အကျိုးရှိရှိ အသုံးချကြရန်နှင့် ကောင်းကျိုးဆိုးကျိုးများအကြောင်းကို ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့အတူ သုတ၊ ရသ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်များ ပြသပေး၍ “ ဒို့အတူတူ မဲပေးကြမယ်” အသိပညာပေးလက်ကမ်းစာစောင် ဝေငှခဲ့သည်။ **ခိုင်ထူး(ပြန်/ဆက်)**



ဂန့်ဂေါမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံဖွင့်လှစ်ဆောင်ရွက်မည့် မြောက်ကုန်းရပ်ကွက်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(မြောက်ကုန်း)နှင့် ပတ်ဝန်းကျင်ရှိ နေအိမ်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများကို ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဝင်းနှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၁၈ ရက်တွင် စစ်ဆေးဆောင်ရွက်စဉ်။ မောင်မျိုးမင်း

## သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲတော် ပိတ်ပွဲ ကျင်းပ

**သန်လျင် ဒီဇင်ဘာ ၂၀**

သန်လျင်မြို့နယ်၌ ဒီဇင်ဘာ ၁၅ ရက်မှ ၁၈ ရက်အထိ လေးရက်ကြာ ကျင်းပသည့် နဝမအကြိမ်မြောက် ကျင်းပခဲ့သော ခရိုင် ကိုးမြို့နယ် ဝိနည်းစာပြန်ပွဲတော် ပိတ်ပွဲ (အောင်ပွဲ) မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက်က သန်လျင်မြို့ ကျိုက်သရေဆောင် မဟာအတုလသဒ္ဓမ္မရံသီ သာသနဗိမ္မာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ အခမ်းအနားကို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျောက်တန်းမြို့နယ် ကံပြောင်ကျောင်း ဆရာတော်ကြီးထံမှ ဧည့်ပရိသတ်များက သီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဝိနည်းစာပြန်ပွဲတော်ကျင်းပရေး သံဃာ့ဇဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဉာဏိန္ဒထံမှ ဩဝါဒခံယူကာ စာအောင်သံဃာဆုနှင့် ဆွမ်းစရိတ်များကို သံဃာတော်များကိုယ်စား သန်လျင်မြို့နယ် သူငွေးကွင်း အနောက်ကျောင်းဆရာတော်အား ဝိနည်းစာပြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးစိုးတင့်က ဆက်ကပ်လှူဒါန်းသည်။

**သန်းဝင်း(သန်လျင်)**



ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ကရင်အမျိုးသားခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပရာ သထုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြစဉ်။ ခရိုင်(ပြန်/ဆက်)

## မော်လမြိုင်မြို့နယ် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များအား စားသောက်ကုန်ပစ္စည်းများ ပေးအပ်

**မော်လမြိုင် ဒီဇင်ဘာ ၂၀**

မော်လမြိုင်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ လုံခြုံမှုရှိစေရေးနှင့်



အကြမ်းဖက်မှုအန္တရာယ်များ မဖြစ်ပွားစေရေးအတွက် လုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များသို့ စားသောက်ကုန်ပစ္စည်းများ ပေးအပ်ပွဲကို ယမန်နေ့က မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က အမှာစကားပြောကြားပြီး ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ (မြို့ပေါ် လုံခြုံရေးတာဝန်) ၅၀ အား တစ်ဦးလျှင် သက်သာချောင်ချိငွေကျပ် ၅၀၀၀၊ ဆီ ၅၀ ကျပ်သား တစ်ဘူးနှင့် ကြက်သွန်နီ နှစ်ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် ၆၄၀၀၀၀ တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**



ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက်က ငပုတောမြို့နယ် တမန်ချောင်းကျေးရွာ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဗိုလ်မှူးရဲလင်းထွန်း၊ အဖွဲ့ဝင် ဦးသန်းဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တမန်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကရင်တိုင်းရင်းသားများ တက်ရောက်ကြစဉ်။ အောင်သူ(ပြန်/ဆက်)

## ကျွန်းစုမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ကျွန်းစု ဒီဇင်ဘာ ၂၀**

ကျွန်းစုမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲနှင့် ပြပွဲ၊ ပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းဖြူလွင်က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံသမိုင်းများ အသိပညာပေး ဟောပြောခဲ့ပြီး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတရသစာအုပ်များ ခင်းကျင်းပြသသည်။ ထို့နောက် မြန်မာစာ စာလုံးပေါင်းသတ်ပုံအမှန် ရွေးချယ်ပြိုင်ပွဲနှင့် ခုံလုပြိုင်ပွဲတို့ကို ကျင်းပရာ ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမှတ် (၁၂)ရပ်ကွက် BBM ဝင်းအတွင်း၌ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ဒီဇင်ဘာ ၁၉ ရက်က ပြုလုပ်ရာ တိုင်းရင်းသားရေးရာဝန်ကြီးမှပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာကို ဆရာမကြီး နော်ဆာဝါးကြည်နှင့် ဆရာစောမူတိဆာတို့က ဖတ်ကြားစဉ်။ အောင်ဝင်းနိုင်(ပြန်/ဆက်)

## ပခုက္ကူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ဆောင်ရွက်ပေး



**ပခုက္ကူ ဒီဇင်ဘာ ၂၀**

ပခုက္ကူမြို့နယ်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူများအားလုံး မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ဒီဇင်ဘာ ၁၉ ရက်က ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်ချို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကယ်ရီမောင်**



## မိုင်းပန်မြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် စက်ကိုင်များ(မွမ်းမံ)သင်တန်းဖွင့်

**မိုင်းပန် ဒီဇင်ဘာ ၂၀**

မိုင်းပန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် စက်ကိုင်များ(မွမ်းမံ)သင်တန်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ မြို့နယ်စဝ်ကောလီခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်ဇော်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြမြအေးက ရွေးကောက်ပွဲအတွက် မဲပေးခြင်းဆိုင်ရာ ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် စက်ကိုင်များ(မွမ်းမံ)သင်တန်းကို နှစ်ရက် သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## မင်းဘူး(စကု)မြို့နယ်၌ ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးများထုံးခြင်း ကွင်းသရုပ်ပြ

**မင်းဘူး ဒီဇင်ဘာ ၂၀**

မင်းဘူး(စကု)မြို့နယ်၌ ကောက်ရိုးထုံးစက်ဖြင့် ကောက်ရိုးများထုံးပေးခြင်း ကွင်းသရုပ်ပြပွဲကို ဒီဇင်ဘာ ၁၆ ရက်က ကြာကန်ကျေးရွာတောင်သူ ဦးအောင်နိုင်ဦး၏ လယ်မြေ သုံးဧကအတွင်း၌ ဆောင်ရွက်သည်။

ကွင်းသရုပ်ပြပွဲတွင် မင်းဘူးခရိုင်နှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများက ကောက်ရိုးထုံးစက်အသုံးပြု၍ ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ တက်ရောက်လာသော ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများက ကောက်ရိုးထုံးခြင်း ဆောင်ရွက်နေမှုများကို လေ့လာကြည့်ရှုခဲ့ပြီး သိရှိလိုသော မေးမြန်းချက်များအပေါ် တာဝန်ရှိသူများက စိုက်ကွင်းလက်တွေ့ ရှင်းလင်းပြသခဲ့သည်။ **မောင်မောင်(မင်းဘူး)**



# ကျုံကပြင် - တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးဇရိယာ၌ ရှားပါးငှက်မျိုးစိတ် သုံးမျိုးအပါအဝင် ငှက်မျိုးစိတ် ၁၆၉ မျိုး တွေ့ရှိမှတ်တမ်းတင်နိုင်


စာဝါကျားငှက်မျိုးစိတ်ကို တွေ့ရစဉ်။


ကိုင်းစွေ့ငှက်မျိုးစိတ်ကို တွေ့ရစဉ်။


ကြိုးကြာခေါင်းနီငှက်မျိုးစိတ်ကို တွေ့ရစဉ်။

**ဝါးခယ်မ ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ ဒေသခံသားငှက်ထိန်းသိမ်းရေးဇရိယာအတွင်း ကျရောက်ရှင်သန်ကျက်စားလျက်ရှိသော ငှက်မျိုးစိတ်များကို စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ လက်ရှိကာလအထိ ကမ္ဘာပေါ်တွင်သာမက မြန်မာနိုင်ငံမှာပါ ရှားပါးနေသော ငှက်မျိုးစိတ်များဖြစ်သည့် ကြိုးကြာခေါင်းနီ ငှက်မျိုးစိတ်၊ စာဝါကျားငှက်မျိုးစိတ်နှင့် ကိုင်းစွေ့ငှက်မျိုးစိတ် သုံးမျိုးအပါအဝင် စုစုပေါင်း ငှက်မျိုးစိတ် ၁၆၉ မျိုးကို တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။

“ကြိုးကြာငှက်မျိုးစိတ်က မြန်မာနိုင်ငံမှာ ကျွန်တော်တို့ ဝါးခယ်မမြို့နယ်မှာ အများဆုံးရှိတာ၊ ဧရာဝတီတိုင်းဒေသကြီး အချို့မြို့နယ်တွေမှာလည်း ရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့မြို့နယ်ထဲမှာ လောက်မများဘူး။ အစုအဖွဲ့နဲ့နေတဲ့ မတ်လလောက်ဆိုရင် အကောင်ရေ ၁၀၀ ကျော် ၂၀၀ လောက် အထိ တွေ့ရတယ်။ မနှစ်ကမတ်လဆိုရင် အကောင်ရေ ၁၆၀ ကျော် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ ကြိုးကြာငှက်က ဒီမှာပဲ ဥဥတယ်။ အသိုက်လုပ်တယ်။ သားပေါက်တာပါ။ အခုနှစ် ပြီးခဲ့တဲ့လတွေကဆိုရင် ကြိုးကြာအသိုက်စာရင်း ၇၀ လောက် ရထားတယ်။ အသိုက် ၇၀ ဆိုရင် တစ်သိုက်ကို နှစ်ကောင်နှုန်းနဲ့ တွက်ရင် ခန့်မှန်းအကောင်ရေ ၁၄၀ လောက် တွက်လို့ရတယ်”ဟု ကျုံကပြင်-တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

နောက်ထပ် ရှားပါးငှက်မျိုးစိတ်နှစ်မျိုးမှာ စာဝါကျားငှက်မျိုးနှင့် ကိုင်းစွေ့ငှက်မျိုးစိတ်ပင်ဖြစ်သည်။ “နောက်တစ်ခုက ဆောင်းခိုငှက်မျိုးစိတ်တစ်မျိုးဖြစ်တဲ့ စာဝါကျား (ခေါ်) Yellow-breasted Bunting (Emberiza aureola) ငှက်မျိုးစိတ်ပါ၊ တစ်ကမ္ဘာလုံးမှာဆိုရင်တော့ မျိုးသုဉ်းလုနီးပါး အန္တရာယ်နဲ့ ကြုံတွေ့နေရတဲ့ ငှက်မျိုးစိတ်ဖြစ်ပါတယ်။ သူတို့ အိပ်တန်းတက်တဲ့အချိန် စာရင်းကောက်ယူရတာပါ။ ကျွန်တော်တို့ ထိန်းသိမ်းရေးဇရိယာထဲမှာ မနှစ်က ကောင်ရေ ခုနစ်သောင်းကျော် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တယ်။ အခုလက်ရှိကာလအထိတော့ အကောင်ရေ လေးသောင်းဝန်းကျင်လောလောဆယ် ရောက်နေပါပြီ။ ဒီအတိုင်းဆို အကောင်ရေ မနှစ်ကထက် အောက်မကျနိုင်ဘူးလို့ ခန့်မှန်းထားပါတယ်”ဟု ၎င်းကဆက်လက် ရှင်းပြသည်။

“ပြီးတော့ ကိုင်းစွေ့ငှက်မျိုးစိတ်ဆိုရင်လည်း ကျွန်တော်တို့နိုင်ငံမှာ နဂိုကတည်းက ရှိတာပါ။ ကိုင်းတောထဲမှာနေတာ မတွေ့တာကြာပြီ။ နှစ် ၇၀ ကျော်မှ ပြန်တွေ့တာ။ ဒီငှက်မျိုးစိတ် သုံးမျိုးဟာ အခုဆိုရင် ကမ္ဘာမှာရော မြန်မာနိုင်ငံမှာပါ တကယ်ရှားပါးတဲ့ ငှက်မျိုးစိတ်တွေပါ။ လက်ရှိအချိန်ထိတော့ ရှားပါးငှက်မျိုးစိတ်သုံးမျိုးအပါအဝင် ငှက်မျိုးစိတ် ၁၆၉ မျိုး မှတ်တမ်းတင်ထားနိုင်ပြီ ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ ဒီမှာက ကြောင်တံငါနို့တိုက်သတ္တဝါမျိုးတွေလည်းရှိတယ်”ဟု ၎င်းက ထပ်မံရှင်းပြသည်။

ကျုံကပြင် - တက်ဆိပ် သားငှက်ထိန်းသိမ်းရေးဇရိယာအတွင်း၌ ရှားပါးဇီဝမျိုးစုံမျိုးကွဲများ ကျရောက်ရှင်သန်ကျက်စားနေသဖြင့် ၂၀၁၈ ခုနှစ်တွင် ဒေသခံများပါဝင်သည့် ကျုံကပြင် - တက်ဆိပ် ဒေသခံ သားငှက်ထိန်းသိမ်းရေးအဖွဲ့ စတင်ဖွဲ့စည်းခဲ့ကာ ရှားပါးဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရှားပါးဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အတွက် သစ်တောဦးစီးဌာနက ၂၀၂၂ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေလောင်းတိုက်နယ်အတွင်းရှိ ကျုံကပြင်ကျေးရွာအုပ်စု၌ ပါဝင်သော မြေဧက ၃၀၀၀ ကျော်အကျယ်အဝန်းအား ကျုံကပြင်-တက်ဆိပ် ဒေသခံသားငှက်ထိန်းသိမ်းရေးဇရိယာအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**ပိန်းဇလုပ်(သိန်းညွန့်)**

## ကလောမြို့ မောမြေဦးပန်းခြံ၌ ပန်းပွဲတော်ကို ၁၅ ရက်တိုင်တိုင် ကျင်းပမည်

**ကလော ဒီဇင်ဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့ မောမြေဦးပန်းခြံ၌ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ပထမအကြိမ် ပန်းပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၆ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။



ကလောမြို့ မောမြေဦးပန်းခြံ ပန်းပွဲတော်တွင် နိုင်ငံခြားဖြစ်ပန်းမျိုးစိတ်များအပါအဝင် ဒေသထွက်ပန်းမျိုးစိတ်များ ပါဝင်ပြီး သစ်ခွဥယျာဉ်နှင့် ပန်းအမျိုးအစားအများအပြားဖြင့် ပြသမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်တွင် စာအုပ်စာစောင်များ အနားယူဖတ်ရှုလေ့လာ၍ရပြီး အလှဓာတ်ပုံများ ရိုက်ကူးရန် နေရာများစွာပါဝင်ကြောင်း၊ အားကစားလေ့ကျင့်ခန်းပြုလုပ်ရန် အားကစားကွင်းနှင့် ကလေးကစားကွင်းများ၊ ဒေသထွက် အစားအစာများပါဝင်သဖြင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် ပန်းချစ်သူများအား ကလောမြို့ ပန်းပွဲတော်သို့ ဝင်ကြေးအခမဲ့ဖြင့် လာရောက်လည်ပတ် အပန်းဖြေ လေ့လာနိုင်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**


ပန်းတောင်းမြို့နယ်၌ “ဒို့အတူတူ မဲပေးကြမယ်” ရွေးကောက်ပွဲအသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဌာနဆိုင်ရာများပူးပေါင်း၍ ဒီဇင်ဘာ ၁၉ ရက်က လူစည်ကားရာနေရာများ၌ ဆောင်ရွက်စဉ်။
လပြည့်လင်း(ပြန်/ဆက်)

## ငရုတ်ကောင်းမြို့၌ ဆောင်းဆီထွက်သီးနှံ နေကြာမျိုးစေ့ချစိုက်ပျိုး



**ငရုတ်ကောင်း ဒီဇင်ဘာ ၂၀**

ငရုတ်ကောင်းမြို့ ရေကျော်ကျေးရွာ တောင်သူ ဦးဝင်းနိုင်၏ လယ်မြေ၌ ဆောင်းဆီထွက်သီးနှံ (နေကြာ) Super Sun 41 မျိုးစေ့များ စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ စိုက်ပျိုးခြင်းအခမ်းအနားသို့ မြို့အုပ်ချုပ်ရေးမှူး ဦးမြတ်ဟိန်းထွန်း၊ စခန်းမှူး ရဲအုပ်ထူးနိုင်၊ စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးစိုးမိုးကျော်၊ မီးသတ်တပ်ဖွဲ့မှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးကျော်ဇင်ဦး၊ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးဖြိုးဝေနိုင်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့သည်။

**ငရုတ်ကောင်း(ပြန်/ဆက်)**


မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် တည်းခိုခန်းများ၊ ရုပ်ရှင်ရုံများ၌ ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)


ကမာရွတ်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့် မဲရုံနေရာများနှင့် မဲရုံပတ်ဝန်းကျင်၌ မီးလောင်မီးလန့်မှုများ၊ အခြားမတော်တဆမှုများ မဖြစ်ပွားစေရေးအတွက် ကမာရွတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝင်းဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၂၀ ရက်တွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးစဉ်။ စိမ်းလဲ့(ပြန်/ဆက်)


သရက်ချောင်းမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်စေရေးအတွက် တိုက်ဆိုင်စစ်ဆေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၀ ရက်တွင် သရက်ချောင်းမြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ဆောင်ရွက်စဉ်။ နန်းခလိုက်(သရက်ချောင်း)


ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ မဲရုံများမီးဘေးလုံခြုံ စိတ်ချရမှု ရှိစေရေးအတွက် ဒီဇင်ဘာ ၂၀ ရက်က စစ်ဆေးစဉ်။ဘာမီသာ(ပခုက္ကူ)

# နိုင်ငံတစ်ဝန်း မြို့နယ်များ၌ ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကျင်းပမှုမြင်ကွင်းများ



စစ်ကိုင်းမြို့ — နေလင်းအောင်(ပြန်/ဆက်)

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရန် ဒီဇင်ဘာလူထုအားကစားလအဖြစ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာပထမပတ်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်က တတိယပတ်အဖြစ် စုပေါင်းလမ်းလျှောက်ပွဲများနှင့် စုပေါင်းကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများကို နိုင်ငံတစ်ဝန်းရှိ အမြို့မြို့အနယ်နယ်၌ ကျင်းပလျက်ရှိသည်-


ကလောမြို့နယ် — မြို့နယ်(ပြန်/ဆက်)


ဆိပ်ဖြူမြို့နယ် — စိုးလင်းနိုင်(IPRD)


ကျိုက်ထိုမြို့နယ် — ပြည့်ဖြိုး(ပြန်/ဆက်)


ကျေးသီးမြို့နယ် — မြို့နယ်(ပြန်/ဆက်)



ကွန်ဟိန်းမြို့နယ် — မြို့နယ်(ပြန်/ဆက်)


ဓနုဖြူမြို့နယ် — အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)


သံဖြူဇရပ်မြို့နယ် — မြို့နယ်(ပြန်/ဆက်)


ပင်းတယမြို့နယ် — အောင်ကိုဦး(ပြန်/ဆက်)


ရွှေဘိုမြို့ — ခရိုင်(ပြန်/ဆက်)

## မုံရွာမြို့နယ်၌ ရွေးကောက်ပွဲနေ့မတိုင်မီ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေး



**မုံရွာ ဒီဇင်ဘာ ၂၀**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပသည့်နေ့နှင့် ယင်းနေ့မတိုင်မီ နိုင်ငံတော်တာဝန်များဖြင့် ခရီးဝေးသွားလာကြမည့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဒီဇင်ဘာ ၁၈ ရက်က စတင်၍ မုံရွာမြို့နယ် နန္ဒဝန်ရပ်ကွက်ရှိ မြို့နယ်စုပေါင်းရုံး၌ ဆောင်ရွက်ကြသည်။ **ခရိုင်(ပြန်/ဆက်)**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ရေနံချောင်းမြို့နယ်၌ အီလက်ထရောနစ် မဲပေးစက်များ ဖွင့်ဖောက်စစ်ဆေး တပ်ဆင်ခြင်းနှင့် စမ်းသပ်မဲပေး



**ရေနံချောင်း ဒီဇင်ဘာ ၂၀**

ရေနံချောင်းမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးတွင် အသုံးပြုမည့် အီလက်ထရောနစ် မဲပေးစက်များ ဖွင့်ဖောက်စစ်ဆေး တပ်ဆင်ခြင်းနှင့် စမ်းသပ်မဲပေးခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

မဲပေးစက်များ ဖွင့်ဖောက်စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိ၊ နည်းပညာ အထောက်အကူပြုအဖွဲ့များနှင့် မဲရုံမှူး၊ ဒုမဲရုံမှူးများက မဲဆန္ဒရှင်ပြည်သူများ အီလက်ထရောနစ် မဲပေးစက်ဖြင့် လျှို့ဝှက်မဲပေးရာ၌ တစ်စုံတစ်ရာမှားယွင်းမှုများ မဖြစ်ပေါ်စေရန်နှင့် လွယ်ကူမြန်ဆန်စွာ မဲပေးနိုင်ရန်အတွက် မဲပေးစက်များကို ဖွင့်ဖောက်စစ်ဆေးတပ်ဆင်ကာ လက်တွေ့စမ်းသပ် မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၄၈

၁။ ဦးစည်သူအောင် နှင့် တပ်သား ကျော်နိုင်ဦး
၂။ ဒေါ်နန်းလှလှဝင်း
တရားလိုများ တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(သ–၄/၅၂)၊ (ဂ) ရပ်ကွက်နေ တပ်သား ကျော်နိုင်ဦး (ဘ) ဦးလှရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် တပ်သားကျော်နိုင်ဦး သင့်အပေါ်၌ တရားလို ၁။ ဦးစည်သူအောင်၊ ၂။ ဒေါ်နန်းလှလှဝင်း တို့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ–၅)၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ တပ်သားကျော်နိုင်ဦး အမည်ပေါက်ဂရန်မြေကွက်၏ မြောက်ဘက်ခြမ်း (၂၀ x ၆၀) ပေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ ဝန်ထမ်းကွက်သစ်ရပ်၊ အိမ်ဝိုင်းမြေအမှတ် (၃)၊ ဦးပိုင်အမှတ် (၂၂၆)၊ အိမ်ဝိုင်းမြေဧရိယာ တောင်မြောက် (၆၀) ပေ၊ အရှေ့အနောက် (၄၀) ပေ အကျယ်အဝန်းရှိမြေနှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်ထွန်း (ဘ) ဦးတင့် ၉/စကတ(နိုင်)၀၃၆၃၃၇ မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်မိုးအောင် (ဘ) ဦးအောင်သန်း ၉/အမရ(နိုင်)၁၁၃၆၆၅ နှင့် ဒေါ်ဝါဝါအောင် (ဘ) ဦးမင်းအောင် ၉/ကဆန(နိုင်)၁၇၁၇၉၂ (အတူနေလင်မယား) တို့က ၃၀–၉–၂၀၂၅ ရက်တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီး အဆိုပါမြေကွက်အား လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်သည် ယခုအချိန်တွင် ကျွန်ုပ်မိတ်ဆွေများကသာလျှင် တရားဝင်လက်ရှိထားနေထိုင်ပိုင်ဆိုင်သော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ ဝန်ထမ်းကွက်သစ်ရပ်၊ အိမ်ဝိုင်းမြေအမှတ် (၃)၊ ဦးပိုင်အမှတ် (၂၂၆)၊ အိမ်ဝိုင်းမြေဧရိယာ တောင်မြောက် (၆၀) ပေ၊ အရှေ့အနောက် (၄၀) ပေ အကျယ်အဝန်းရှိမြေနှင့် အဆိုပါမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်ပြီး ကျွန်ုပ်မိတ်ဆွေဖြစ်သူတို့၏ ခွင့်ပြုချက်မရှိဘဲ မြေကွက်ပေါ်တွင် မြေတိုင်းတာဆောင်ရွက်ခြင်း၊ မြေပုံမြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်စာချုပ်ပြုလုပ်ခြင်း၊ အမွေဆက်ခံစာချုပ်ပြုလုပ်ခြင်း၊ လွှဲပြောင်းခြင်း၊ လှူဒါန်းခြင်း၊ အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ခြင်းများ မပြုလုပ်ရန်အတွက် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူများ– | လွှဲအပ်ညွှန်ကြားချက်အရ– |
| ဦးကျော်မိုးအောင် | ဒေါ်အိသဉ္ဇာကျော် |
| ၉/အမရ(နိုင်)၁၁၃၆၆၅ | အထက်တန်းရှေ့နေ (စဉ်–၅၆၇၁၄/၂–၉–၂၀၂၄) |
| ဒေါ်ဝါဝါအောင် | အိမ်အမှတ်(၁/၂၉၀)၊ ကားဆိပ်ရပ်ကွက်၊ ပလိပ်၊ |
| ၉/ကဆန(နိုင်)၁၇၁၇၉၂ | စဉ့်ကိုင်မြို့နယ်၊ ဖုန်း–၀၉–၇၆၀၆၅၁၅၂၈ |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/55880, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ Ever OK Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/80926, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၁၄/ပတန(နိုင်)၂၀၇၈၅၇ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 34W/81869, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝမ်း ၁၄/မမန(နိုင်)၁၆၃၂၀၅ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး
(ပုသိမ်မြို့)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/37498, Yinxiang – 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇာနည်ထက်အောင် ၉/စကန(နိုင်)၀၇၄၅၅၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် အသုံးပြုရန် အခြားရုံးသုံးပစ္စည်းများအားမြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၃.၁၂.၂၀၂၅) နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၇.၁.၂၀၂၆) နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တာမွေမြို့နယ်၊ကျိုက္ကဆံအားကစားဝင်းအတွင်းရှိအားကစားနှင့်လူငယ်ရေးရာဌာနပိုင်ထရန်စဖော်မာ(၄)လုံးအား(၂၄)နာရီဓာတ်အားရရှိစေရေးနှင့်ရွှေပြည်သာမြို့နယ် အမှတ်(၄)လမ်းမကြီးတစ်လျှောက် စည်ပင်သာယာရေးကော်မတီမှလမ်းတိုးချဲ့အဆင့်မြှင့်တင်ခြင်းကြောင့် မလွတ်ကင်းသော ဓာတ်အားလိုင်းများပြောင်းရွှေ့ခြင်းလုပ်ငန်းတို့အတွက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၂.၁၂.၂၀၂၅) နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၆.၁.၂၀၂၆) နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ )
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၄၉

ဦးသိန်းထိုက်အောင် နှင့် တပ်သား ကျော်နိုင်ဦး
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(သ–၄/၅၂)၊ (ဂ) ရပ်ကွက်နေ တပ်သားကျော်နိုင်ဦး (ဘ) ဦးလှရွှေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် တပ်သားကျော်နိုင်ဦး သင့်အပေါ်၌ တရားလို ဦးသိန်းထိုက်အောင်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က) ရပ်ကွက်၊ အကွက်အမှတ်(လ–၅)၊ ဦးပိုင်အမှတ် (၃၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ တပ်သားကျော်နိုင်ဦး အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း (၂၀ x ၆၀) ပေအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမင်းထွန်း)
တွဲဖက်မြို့နယ်တရားသူကြီး (၂)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁၃

၁။ ဦးမောင်သိန်း နှင့် ဦးမျိုးလွင်
၂။ ဒေါ်ရွှေနု
တရားလိုများ တရားပြိုင်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက် (မမ–၁၁)၊ ၅၂ x ၅၃ လမ်းကြား၊ ၁၁၄ x ၁၁၅ လမ်းကြားနေ ဦးမျိုးလွင် (ဘ) ဦးဘသန်း AE– ၂၂၃၀၇၈ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးမောင်သိန်းနှင့် ဒေါ်ရွှေနုတို့က "မန္တလေးမြို့၊ (ယခင်) ပုသိမ်ကြီးမြို့နယ်၊ အကွက်အမှတ် (ဘဘ–၁)၊ ဦးပိုင်အမှတ် (၆) (ယခု) ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ–၁၅)၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ ဦးမျိုးလွင် အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက် (၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇင်မာဝေ)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
## (၁၉) ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ၂၀၂၄–၂၀၂၅ ပညာသင်နှစ် B.E ဘွဲ့သင်တန်း၊ ၂၀၀၈–၂၀၀၉ ပညာသင်နှစ်မှ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်ထိ B.Sc (Hons.)/ B.Sc ဘွဲ့သင်တန်း၊ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် Dip (SM)/(PM)/(TLM) ဘွဲ့သင်တန်းနှင့် ၂၀၂၄–၂၀၂၅ ပညာသင်နှစ်အတွက် M.Sc (LSCM) ဘွဲ့သင်တန်း စာမေးပွဲအောင်မြင်ခဲ့သူများအတွက် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (၁၉) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ၂၃–၁–၂၀၂၆ ရက် (သောကြာနေ့)တွင် အစမ်းလေ့ကျင့်ပွဲနှင့် ၂၄–၁–၂၀၂၆ ရက် (စနေနေ့)တွင် ဘွဲ့နှင်းသဘင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင်လျှောက်လွှာ လျှောက်ထားလိုသူများသည် သတ်မှတ်ထားသောလျှောက်လွှာပုံစံကို www.mmu.edu.mm တွင် download ရယူဖြည့်သွင်း၍ ဘွဲ့နှင်းသဘင် လျှောက်လွှာတွင် ဖော်ပြပါရှိသည့်ပူးတွဲပေးပို့ရမည့် စာရွက်စာတမ်းများနှင့် (၃) လအတွင်း ရိုက်ကူးထားသော ($1\ ^1/_4$" X $1\ ^1/_2$" )အရွယ် ဓာတ်ပုံ (၃)ပုံနှင့်အတူ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်သို့ လာရောက်လျှောက်ထားနိုင်ကြပါသည်။

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ www.mmu.edu.mm တွင် အသေးစိတ်အချက်အလက်များကိုကြည့်ရှု၍ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာန ဖုန်း–၀၉–၄၄၅၈၅၉၈၇၇ တို့သို့လည်း တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

